စိတ်ကူးချိုချိုအနုပညာ

ဇေရတု

# ရယ်ရယ်မောမော ပေါ့ပေါ့ပါးပါး

## အင်တာနက်ဟာသများ

၂



**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး၊
* အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
* စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
* ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့်ပြည်ထောင်စုစိတ်ဓာတ်ရှင်သန် ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

# ရယ်ရယ်မောမော ပေါ့ပေါ့ပါးပါး အင်တာနက်ဟာသများ (၂)

ဇေရတု

ပထမအကြိမ်

ထုတ်ဝေသူ - ဦးစန်းဦး ပုံနှိပ်သူ - ဒေါ်ဝင်းမာ
အပြင်အဆင် - အမ်အက်စ်အို စာအုပ်တိုက်စီမံမှုပိုင်
၂၀၁၂ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၈၀၀ ကျပ်

ရယ်ရယ်မောမောပေါ့ပေါ့ပါးပါးအင်တာနက်ဟာသများ - ၂
ဇေရတု၊ -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂။
စာမျက်နှာ ၁၇၅ မျက်နှာ၊ ၉ ·၅ စင်တီ× ၁၆ ·၅ စင်တီ
(၁) ရယ်ရယ်မောမောပေါ့ပေါ့ပါးပါးအင်တာနက်ဟာသများ - ၂

မာတိကာ


၁။ ရှိမှ မရှိဘဲနဲ့ ...... ၁
၂။ ဘယ်သူ့ကိုရွေးမလဲ ...... ၂
၃။ ဝေးလေကောင်းလေ ...... ၃
၄။ ရှေ့ကဖုံး နောက်ကဖော် ...... ၅
၅။ အိပ်မရလို့ ...... ၇
၆။ သိမှ မသိဘဲ ...... ၉
၇။ ညာလို့မရဘူး ...... ၁၁
၈။ ဆိုးပေလေးများ ...... ၁၄
၉။ ၆ စက္ကန့်အတွင်း ၀ မှ ၂၀၀ သို့ ...... ၁၇
၁၀။ စံပြယောကျ်ား ...... ၁၉
၁၁။ တယ်လီဖုန်း၏ အကျိုးကျေးဇူး ...... ၂၂
၁၂။ ဩော်. . . .ယောကျ်ား ...... ၂၅
၁၃။ ဖေဖေသို့ ...... ၂၇

၁၄။ လက်စသတ်တော့ ...... ၃၀
၁၅။ မိတ်ဆွေကောင်း ...... ၃၃
၁၆။ မှားတဲ့အခါလည်း မှားပေမပေါ့ ...... ၃၅
၁၇။ မသိသူကျော်သွား . . . . ...... ၃၇
၁၈။ အဟုတ်မှတ်လို့ ...... ၃၈
၁၉။ ကမ္ဘာ့အမြန်ဆုံး အဖြစ်အပျက် ...... ၃၉
၂၀။ ပိုင်းလော့ဘိုးဘိုး ...... ၄၀
၂၁။ အကျဉ်းထောင်နှင့်အလုပ် ...... ၄၁
၂၂။ စာလာနေတယ် ...... ၄၅
၂၃။ ရှားတဲ့ရှေ့နေ ...... ၄၇
၂၄။ ပြန်မလိုချင်ဘူး ...... ၄၉
၂၅။ ဖုန်းစာအုပ် ...... ၅၁
၂၆။ ယုံမှတ်လို့ ပုံအပ်တယ် ...... ၅၂
၂၇။ ခုနှစ်လွှာပေါက်စီ ...... ၅၄
၂၈။ အတုယူမှားသူ ...... ၅၆
၂၉။ သူ့နောင်တ ...... ၅၈
၃၀။ ထူးတဲ့ နည်းပညာ ...... ၆၁
၃၁။ အစက မသိလို့ ...... ၆၃
၃၂။ လူလည်မကျနဲ့ ...... ၆၅
၃၃။ မြင်မြင်ကရာ ကိုယ့်လူနာ ...... ၆၇
၃၄။ ဦးတိကျ ...... ၆၉

၃၅။ ညာဏ်ပြေးသူ ...... ၇၁
၃၆။ ကြောက်သွားပြီ ...... ၇၃
၃၇။ ဝေသသန္တရာ ...... ၇၅
၃၈။ သရုပ်ဆောင်ကောင်းသူ ...... ၇၆
၃၉။ ကဲ . . . . မှတ်ပြီလား ...... ၇၇
၄၀။ အခုတော့ သိပြီ ...... ၇၉
၄၁။ အိမ်နီးချင်းကောင်း ...... ၈၂
၄၂။ ပြန်လာမှာကြောက်တယ် ...... ၈၄
၄၃။ စံချိန်တင်သူ ...... ၈၆
၄၄။ မှားပါတယ် ...... ၈၈
၄၅။ သိပြီလား ...... ၈၉
၄၆။ ပန်ကာ မှတ်လို့ ...... ၉၁
၄၇။ မမညာဏ်ကြီးရှင် ...... ၉၃
၄၈။ မယားဆိုး ...... ၉၅
၅၀။ သေဟဲ့ . . . . နန္ဒိယ ...... ၉၇
၅၁။ သူ့မှသား ...... ၉၉
၅၂။ နယူတန်၏ မျိုးဆက်သစ် ......၁၀၁
၅၃။ မှတ်သားလောက်ပါတယ် ......၁၀၂
၅၄။ တစ်မိနစ်စောင့် ......၁၀၄
၅၅။ ဒီဘက်မှာ လစ်တယ် ......၁၀၅
၅၆။ နားကြားကိရိယာ၏ ကျေးဇူး ......၁၀၆

၅၇။ အမေတူ သမီး ...... ၁၀၈
၅၈။ အကြံကောင်း ...... ၁၁၀
၅၉။ အညှံ့မခံဘူး ...... ၁၁၂
၆၀။ ရီပတ်ဘလီကန်နှင့် ဒီမိုကရက် ...... ၁၁၄
၆၁။ ဘယ်ကလာတဲ့ ကြက်ဥလည်း ...... ၁၁၆
၆၂။ မောင်းကွဲ ...... ၁၁၇
၆၃။ ရေမကူးတတ်လို့ ...... ၁၁၉
၆၄။ ကိုယ့်အကြောင်းပဲပြောမယ် ...... ၁၂၁
၆၅။ ငါ့အလှည့် ...... ၁၂၂
၆၆။ ရေကူးကန်မှာ ...... ၁၂၄
၆၇။ ဇိမ်ခံချင်လို့ပါ ...... ၁၂၅
၆၈။ အတူတူပဲ ...... ၁၂၈
၆၉။ မှားမှ မှားတတ်ပါလေတယ် ...... ၁၃၀
၇၀။ အလုပ်ပျက်တယ် ...... ၁၃၂
၇၁။ အဲဒါ ဒို့လူမျိုး ...... ၁၃၄
၇၂။ အမိုက်မဲဆုံးလူ ...... ၁၃၆
၇၃။ ဖေဖေ ဘယ်သူလဲ ...... ၁၃၈
၇၄။ ရယ်ချင်မိလို့ ...... ၁၄၀
၇၅။ အဖွဲ့အစည်းဆိုသည်မှာ ...... ၁၄၂
၇၆။ ယုဒ နှင့် ဓားပြ ...... ၁၄၃
၇၇။ ချစ်မေမေ ...... ၁၄၄

၇၈။ အလိုလိုက်ထားတယ် ....... ၁၄၆
၇၉။ သူ့ဆုတောင်း ....... ၁၄၈
၈၀။ ခွေးမြီးကောက် ကျည်တောက်စွပ် ....... ၁၄၉
၈၁။ သိစေချင်လို့ ....... ၁၅၁
၈၂။ လူ့အလို ကိုယ်တော်မလိုက်နိုင် ....... ၁၅၃
၈၃။ ရန်တိုက်ပေးသူ ....... ၁၅၄
၈၄။ သေချင်သေပါစေ ....... ၁၅၆
၈၅။ နားကြားလွဲလို့ပါ ....... ၁၅၈
၈၆။ မှန်းချက်နှင့် နှမ်းထွက် ....... ၁၆၀
၈၇။ ဖေဖေ့သား ....... ၁၆၂
၈၈။ မေးတတ်ပါလေ ....... ၁၆၅
၈၉။ အဆင်သင့် မဖြစ်သေးဘူး ....... ၁၆၆
၉၀။ အခွင့်ကောင်း ....... ၁၆၇
၉၁။ တကယ့်ရှေ့နေ ....... ၁၆၈
၉၂။ ကိုယ့်အကြောင်း ကိုယ်သာသိ ....... ၁၆၉
၉၃။ သူ့စေတနာ ....... ၁၇၀
၉၄။ စောင့်နေရတာ ကြာပြီ ....... ၁၇၁
၉၅။ ကိုလူဆိုး ....... ၁၇၃
၉၆။ သစ်ရွက်ကြွေချိန် ....... ၁၇၅

❑

## ရှိမှ မရှိဘဲနဲ့

အပြင်မှ ပြန်လာသော ခင်ပွန်းက သူ၏ဇနီးကို လှမ်းပြောလိုက်သည်။

"အချစ်ရေ ကြည့်စမ်းပါဦး။ ကိုယ် ဒီမှာ ရိုးလင်းစတုန်း သီချင်းခွေအသစ်ဝယ်လာတယ်"

"ဘာဖြစ်လို့ ဝယ်လာရတာတုံး၊ ကျွန်မတို့မှာ ဖွင့်စရာ စီဒီစက်မှမရှိတဲ့ဟာကို"

ထိုအခါ ခင်ပွန်းဖြစ်သူ ပြန်ပြောလိုက်ပုံမှာ "ဩော် မင်းက ဒီလိုလား၊ ဒါဆို အခုအချိန်အထိ မင်း အတွင်းခံဘရာစီယာတွေ ဝယ်နေတာကျတော့ ငါ ဘာများ ပြောခဲ့ဖူးလို့လဲ" ဟူသတည်း။

## ဘယ်သူ့ကိုရွေးမလဲ

သင်၏ခွေးက နောက်ဖေးတံခါးဝတွင် ဟောင်နေပြီး သင်၏ဇနီးက အိမ်ရှေ့တံခါးဝတွင် အော်ဟစ်နေမည်ဆိုပါက သင်သည် မည်သူ့အား အရင်တံခါးဖွင့်ပေးမည်နည်း။

ခွေးကို ဖွင့်ပေးမည်။ သင်က သူ့အားဝင်ခွင့်ပေးလိုက်သည်နှင့် သူ၏ပါးစပ်ပိတ်သွားလိမ့်မည်။

## ဖေးလေကောင်းလေ

လူတစ်ယောက်သည် သူ၏ကံကြမ္မာကို စမ်းသပ်ရန် အိတ်ထဲတွင်ကျန်နေသော လက်ကျန်ငွေ ၅၀၀ နှင့် လက်စ် ဗီးဂတ်စ်သို့ ထွက်ခဲ့သည်။ သူသည် တစ်ညလုံးကစားရာ ကံတရား အထူးကောင်းမွန်နေသည်ကို တွေ့ရသည်။ နောက်ဆုံးတွင် သူသည် ကက်စီနိုထဲမှထွက်လာပြီး ဖုန်းရှိရာသို့လာခဲ့သည်။

သူက သူ၏ဇနီးကို ဖုန်းခေါ်ပြီး ပြောလိုက်သည်။

"မိန်းမရေ အထုပ်အပိုးတွေ ပြင်ထားပေတော့။ ငါတော့ ဗီးဂတ်စ်မှာ အခုလေးတင် ဒေါ်လာတစ်သန်းနိုင်လာပြီ"

တစ်ဖက်မှ ဇနီးက ပြန်မေးသည်။

"ဟယ် တကယ်ပြောတာလား၊ ဥရောပအတွက်လား၊ အာရှအတွက်လား၊ ဒါမှမဟုတ် ကျွန်းတစ်ကျွန်းပေါ်

ကို သွားပြီး အပန်းဖြေမှာလား။ ကျွန်မ ဘယ်လို ပြင်ဆင်ထားရမလဲ"

ယောက်ျားဖြစ်သူ ပြန်ဖြေလိုက်ပုံမှာ.....

"ဘယ်လိုပြင်ပြင်အရေးမကြီးပါဘူး။ ငါပြန်ရောက်တဲ့အခါ မင်းအိမ်မှာရှိမနေဖို့ပဲလိုတယ်" ဟူ၍ ဖြစ်ပါသနည်း။

☺ လက်ခ်စီးဂတ်စ် - လောင်းကစားဝိုင်းများရှိရာမြို့

## ရှေ့ကပုံး နောက်ကဇော်

လူတစ်ယောက်သည် မနက်စာစားပွဲတွင် သတင်းစာဖတ်ရင်း အေးချမ်းတိတ်ဆိတ်စွာ ထိုင်နေလေသည်။ ထိုအချိန်တွင် သူ၏ဇနီးသည်က သူ့အနောက်မှ တိတ်တဆိတ်ရောက်ရှိလာပြီး ဒယ်အိုးပြားတစ်ချပ်ဖြင့် သူ၏ခေါင်းကို ရိုက်လိုက်သည်။

ယောကျာ်း။ ။ "ဟေ့ ဘာလုပ်တာလဲကွ"

မိန်းမ ။ ။ "ရှင့်ဘောင်းဘီအိတ်ထဲမှာတွေ့တဲ့ မေရီဆိုတဲ့ မိန်းမနာမည်ရေးထားတဲ့ စာရွက်က ဘာသဘောလဲ"

ယောကျာ်း။ ။ "အချစ်ကလည်းကွာ လွန်ခဲ့တဲ့နှစ်ပတ်က ကိုယ်မြင်းပွဲသွားသေးတယ်လေ။ မေရီဆိုတာ ကိုယ်လောင်းတဲ့

မြင်းမရဲ့နာမည်ပါကွ"

ဇနီးဖြစ်သူက သူ၏အဖြေကို ကျေနပ်သွားပြီး အိမ်အလုပ်များ ပြန်သွားလုပ်နေသည်။

သုံးရက်ခန့်အကြာ သူ၏ကုလားထိုင်တွင် ထိုင်၍ သတင်းစာဖတ်နေသော ယောကျ်ားကို ဇနီးဖြစ်သူက ဒယ်အိုးဖြင့်ရိုက်ပြန်သည်။

ယောကျ်ား။ ။ "ဟော့ ဒါကဘာယ်လိုဖြစ်ရပြန်တာလဲ"

မိန်းမ ။ ။ "ရှင့်မြင်းမ ဖုန်းဆက်တယ်လေ"

## အိပ်မရလို့

နေ့လယ်ခင်းတစ်ခုတွင် အမျိုးသမီးတစ်ယောက်သည် သူမ၏ ခြံနောက်ဘက်တွင် အဝတ်များလှန်းနေစဉ် ပင်ပန်းနွမ်းနယ်နေပုံရသော ခွေးအိုတစ်ကောင် ခြံထဲသို့ဝင်လာသည်ကို တွေ့ရသည်။ ခွေး၏ လည်ပတ်နှင့် ဝဖြိုးသော အသွင်သဏ္ဌာန်ကို ကြည့်ခြင်းအားဖြင့် ယင်းခွေးတွင် နေစရာအိမ်ရှိမည်ဖြစ်ကြောင်း အမျိုးသမီးက သတိထားမိသည်။ သို့သော် သူမအိမ်ထဲသို့ ပြန်အဝင်တွင် ခွေးက သူမနောက်မှ လိုက်လာပြီး ဧည့်ခန်းတွင်းရှိ ထောင့်တစ်နေရာတွင် သွား၍ အိပ်နေလေသည်။

တစ်နာရီခန့်အကြာတွင် ခွေးအိုကြီးသည် တံခါးပေါက်ရှိရာသို့ ထသွားရာ အမျိုးသမီးက တံခါးဖွင့်၍ အပြင်ထွက်ခွင့်ပေးလိုက်သည်။ နောက်တစ်နေ့တွင်လည်း ခွေးအိုကြီးသည် ယခင်နေ့ကအတိုင်း ရောက်ရှိလာပြီး ဧည့်ခန်း

ထောင့်တွင်နေရာယူ၍ တစ်နာရီခန့် လာအိပ်ပြန်သည်။

အချိန်ကြာလာသောအခါ အမျိုးသမီး၏စိတ်တွင် သိချင်စိတ်ဖြင့် ခွေး၏လည်ပတ်တွင် စာတစ်စောင်ရေးပြီး ကပ်ပေးလိုက်သည်။

"သင်တို့ရဲ့ခွေးဟာ နေ့ခင်းတိုင်း ကျွန်မရဲ့အိမ်မှာ တစ်ရေးလာအိပ်တတ်ပါတယ်"

နောက်တစ်နေ့၌ ခွေး၏လည်ပတ်တွင် စာအသစ်တစ်စောင် တွဲလျက်ပါလာသည် စာတွင်ရေးထားသည်မှာ...

"ကျွန်တော်တို့မှာ ကလေး ၁၀ ယောက်ရှိပါတယ်။ ဒါကြောင့် သူက ကောင်းကောင်းအိပ်လို့ရမယ်နေရာ လိုက်ရှာအိပ်တာပါ" ဟူသတည်း။

## သိမှ မသိဘဲ

ချောမောခံ့ညားပြီး ရင့်ကျက်တည်ငြိမ်သော ပုံသဏ္ဌာန်ရှိသည့် အမျိုးသမီးတစ်ဦး ဆေးဆိုင်တစ်ဆိုင်ကြီး အတွင်းသို့ ဝင်ရောက်သွားပြီး ဆေးစပ်သူထံ တည့်တည့် သွားကာ သူ၏မျက်လုံးများကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

"ကျွန်မ ဆိုင်ယာနိုက် (Cyanide) အဆိပ်နည်းနည်း ဝယ်ချင်တယ်"

ဆေးစပ်သူက ပျာပျာသလဲအမူအရာဖြင့် ပြန်မေးသည်။

"ခင်ဗျား ဘယ်လိုကြောင့်များ ဆိုင်ယာနိုက်အဆိပ်ကိုလိုချင်ရတာလဲ"

"ကျွန်မရဲ့ ယောကျ်ားကို အဆိပ်ခတ်မလို့ရှင်" ဟု လှပသောအမျိုးသမီးက ပြန်ဖြေလိုက်သည်။

ဆေးစပ်သူ၏ မျက်လုံးများ ပြူးကျယ်သွားပြီး ထိတ်လန့်တကြား ရေရွတ်လိုက်သည်။

"ဘုရား၊ ဘုရား ဒီလိုသေစေလောက်တဲ့ အဆိပ်မျိုးကို ခင်ဗျားရဲ့ခင်ပွန်းကို သတ်ဖို့အတွက် ကျွန်တော် မရောင်းနိုင်ဘူး။ ဒါဥပဒေနဲ့ ဆန့်ကျင်နေတယ်"

"ခင်ဗျားကို ကျွန်တော် ဆိုင်ယာနိုက်ရောင်းလိုက်ရင် ကျွန်တော့်လိုင်စင်လည်း အသိမ်းခံရမယ်။ ခင်ဗျားနဲ့ ကျွန်တော်လည်း ထောင်ထဲရောက်သွားလိမ့်မယ်။ လုံးဝမဖြစ်ဘူး။ ခင်ဗျားကို ဆိုင်ယာနိုက် ရောင်းလို့ မဖြစ်ဘူး"

အမျိုးသမီးက သူ၏ပိုက်ဆံအိတ်ကိုဖွင့်ပြီး အိတ်ထဲမှ သူမ၏ခင်ပွန်းနှင့် ဆေးစပ်သူ၏ဇနီးတို့ အိပ်ရာပေါ်တွင် ပလူးပလဲလုပ်နေသောဓာတ်ပုံကို ဆွဲထုတ်ပြီး ကောင်တာပေါ်သို့ တင်လိုက်သည်။ ဆေးစပ်သူက ဓာတ်ပုံကိုကြည့်လိုက်ပြီးနောက် အမူအရာတစ်မျိုးပြောင်းသွားပြီး ပြန်ပြောလိုက်ပုံမှာ

"ဩော် ဒီလိုလား၊ ခင်ဗျားမှာ ဆေးစာပါလာတယ်ဆိုတာ စောစောကပြောရောပေါ့" ဟူသတည်း။

## ညာလို့မရဘူး

ဘင့်(န်)က သူ၏ဒေါ်လေးနီလာကို သူ့အိမ်သို့ ညစာလာစားရန် ဖိတ်လိုက်သည်။ ညစာစားနေချိန်တွင် ဘင့်(န်) အခန်းဖော်၏ ချောမောလှပမှုကို ဒေါ်လေးနီလာ သတိမပြုမိဘဲမနေနိုင်ဖြစ်သွားသည်။ ဘင့်(န်)နှင့် သူ့အခန်းဖော်တို့၏အကြား ဆက်ဆံရေးကို အစအဦးကတည်းက သံသယရှိထားရာ သူမကိုမြင်တွေ့ရသောအခါ ဒေါ်လေးနီလာ၏သိချင်စိတ်ကို ပို၍နှိုးဆွနေပေသည်။

ညစာစားပြီးကြသည့်နောက် ဘင့်(န်)နှင့် သူ၏အခန်းဖော်ကို အကဲခတ်ရင်း သူမ၏အထင်မှန်မမှန်ကို ဒေါ်လေးနီလာစဉ်းစားနေသည်။ ဘင့်(န်)က သူ့အဒေါ်၏အတွေးကိုသိသည့်အလား ရုတ်တရက်စကားစပြောသည်။

"ဒေါ်လေး ဘာကိုစဉ်းစားနေသလဲဆိုတာ ကျွန်တော်သိတယ်။ ဒါပေမဲ့ ကျွန်တော်ပြောရဲပါတယ်။ အယ်လင်

နဲ့ ကျွန်တော်တို့က အခန်းဖော်သတ်သတ်ပါပဲ"

တစ်ပတ်ခန့်အကြာတွင် အယ်လင်က ဘင့်(န်)ကို လာမေးသည်။

"ရှင့်အဒေါ် ညစာလာစားပြီးတဲ့နောက် ကျွန်မရဲ့ ငွေနဲ့လုပ်ထားတဲ့ ဟင်းချိုဇွန်းကို ရှာမတွေ့ဘူးဖြစ်နေတယ်။ သူယူသွားတာမဟုတ်လောက်ပါဘူးနော်"

ဘင့်(န်)က ပြန်ဖြေသည်။

"အင်း ကိုယ်လည်းမသိဘူး။ ဒါပေမဲ့ သေချာအောင် စာရေးပြီး မေးပေးမယ်လေ"

ထို့နောက် ဘင့်(န်) က သူ့အဒေါ်ထံသို့ စာရေးလိုက်သည်။

"ဒေါ်လေး

ကျွန်တော့်အိမ်က ငွေယောက်ချိုဇွန်း ဒေါ်လေးယူသွားတယ်လို့ ကျွန်တော်မပြောလိုပါဘူး။ ဒေါ်လေးယူသွားတာ မဟုတ်ဘူးလို့လည်း ကျွန်တော်မပြောနိုင်ဘူး။ ဒါပေမဲ့ သေချာတာ တစ်ခုကတော့ ဒေါ်လေးညစာလာစားပြီးကတည်းက အဲဒီငွေယောက်ချိုဇွန်း ပျောက်သွားတာပါပဲ"

ရက်များမကြာမီ ဘင့်(န်)ထံသို့ ဒေါ်လေးနီလာ ၏ ပြန်စာရောက်လာသည်။ စာတွင်ရေးထားပုံမှာ–

"သားရေ

မင်း အယ်လင်နဲ့အတူအိပ်တယ်လို့ ငါမပြောလိုပါ

ဘူး။ အယ်လင်နဲ့ မင်းအတူမအိပ်ဘူးလို့လည်း ငါမပြော နိုင်ဘူး။ ဒါပေမဲ့ သေချာတာတစ်ခုကတော့ အယ်လင်သာ သူ့အိပ်ရာမှာ သူအိပ်မယ်ဆိုရင် သူ့ရဲ့ငွေယောက်ချိုဇွန်းကို အခုလောက်ဆို တွေ့လောက်ပါပြီ။

မင်းရဲ့

ချစ်ဒေါ်လေး"

ဟူ၍ ဖြစ်ပါသတည်း။

☺ အခန်းဖော် (roommate) = အိမ်ခန်းအတူငှားနေသူ

## ဆိုးပေလေးများ

ဆရာ ။ ။ မနှစ်က မင်းရဲ့ မွေးနေ့မှာ မင်း အသက် ဘယ်နနှစ်ပြည့်တာလဲ။

တပည့်။ ။ ခုနစ်နှစ်ပါဆရာ။

ဆရာ ။ ။ မင်းရဲ့ နောက်မွေးနေ့မှာ မင်း အသက်ဘယ်လောက်ဖြစ်မလဲ။

တပည့်။ ။ ကိုးနှစ်ပါဆရာ။

ဆရာ ။ ။ ဒါ မဖြစ်နိုင်ဘူး။

တပည့်။ ။ ဖြစ်နိုင်ပါတယ်ဆရာ၊ ဒီကနေ့ ကျွန်တော်ရဲ့ ရှစ်နှစ်ပြည့်မွေးနေ့ပါ။

× × ×

ဆရာ ။ ။ ဝီလီ၊ လွန်ခဲ့တဲ့ ၁၀ နှစ်ကမရှိဘဲနဲ့ ဒီကနေ့မှာ တို့ရရှိထားတဲ့ အရေးကြီးတဲ့ အရာဝတ္ထုတစ်ခုကို ပြော

စမ်း။

တပည့်။ ။ ကျွန်တော်ပါဆရာ။

× × ×

ဆရာ ။ ။ မင်း လိမ်လိမ်မာမာနေပါ့မယ်လို့ ကတိပေးထားတယ် မဟုတ်လား။

တပည့်။ ။ ဟုတ်ပါတယ်ဆရာ။

ဆရာ ။ ။ မင်း လိမ်လိမ်မာမာမနေရင် မင်းကို ငါအပြစ်ပေးမယ်လို့ ငါကတိပေး မထားဘူးလား ပြောစမ်း။

တပည့်။ ။ ဟုတ်ပါတယ်ဆရာ၊ ဒါပေမဲ့ ကျွန်တော့ကတိကိုတောင် ကျွန်တော် ချိုးဖောက်လိုက်ပြီးမှတော့ ဆရာ ကတိတည်လိမ့်မယ်လို့ ကျွန်တော် မမျှော်လင့်ပါဘူး။

× × ×

ဆရာ ။ ။ တွမ်မီ မင်းကိုကြည့်ရင် ဘာလို့အမြဲ ညစ်ပတ်နေရတာလဲ။

တွမ်မီ ။ ။ ကျွန်တော်က ဆရာ့ထက်ပိုပြီး မြေကြီးနဲ့ နီးလို့ပါဆရာ။

× × ×

ဆရာ ။ ။ မင်းဘာကြောင့် နောက်ကျရတာ

လဲ။

ပျွန် ။ ။ လမ်းပြအမှတ်အသားကြောင့်ပါ ဆရာ။

ဆရာ ။ ။ ဘာအမှတ်အသားလဲ။

ပျွန် ။ ။ "ကျောင်းရှိသည်၊ ဖြည်းဖြည်း" ဆိုတဲ့ အမှတ်အသားပါ ဆရာ။

## ၆ စက္ကန့်အတွင်း ၀ မှ ၂၀၀ သို့

ဘော့(ပ်) ဒုက္ခတွေ့နေသည်။ သူက သူ့မဂ်လာနှစ်ပတ်လည်နေ့ကို မေ့လျော့နေသည်။ သူ၏ဇနီးကတော့ စိတ် အလွန်ဆိုးနေသည်။

"မနက်ဖြန်မနက် မိုးလင်းတာနဲ့ အိမ်အဝင်လမ်းမမှာ ၆စက္ကန့်အတွင်း သုညကနေ နှစ်ရာအထိ ရောက်အောင်သွားနိုင်တဲ့ လက်ဆောင်ပစ္စည်း ရောက်နေစေရမယ်။ အဲဒါသာရောက်မလာရင်တော့ ရှင်နဲ့ကျွန်မ အသိပဲ" ဟု သူမက သူ့ကိုကျိန်းလိုက်သည်။

နောက်တစ်နေ့မနက်တွင် ဘော့(ပ်)စောစောထ၍ လုပ်သွားသည်။ သူ၏ဇနီးအိပ်ရာမှနိုးသောအခါ အခန်းပြတင်းပေါက်မှနေ၍ အပြင်ဖက် အိမ်အဝင်လမ်းမအလယ်တွင် ချထားသောဘူးတစ်ဘူးကို တွေ့လိုက်ရသည်။

သူမက ဇဝေဇဝါဖြစ်သွားပုံဖြင့် ကပျာကသီအိမ်ရှေ့

သို့ ပြေးထွက်သွားပြီး ထိုဘူးကို အိမ်ထဲသို့ မယူလာခဲ့သည်။ ဘူးကို ဖွင့်လိုက်သောအခါ ရေချိုးခန်းသုံး ပေါင်ချိန်စက် အသစ်တစ်လုံးကို တွေ့ရလေသည်။

ထိုနေ့မှစ၍ ဘော့(ပ်)လည်း အိမ်သို့ပြန်မလာတော့ပေ။

## စံပြယောက်ျား

ဂေါက်ကလပ်တစ်ခု၏ အဝတ်လဲခန်းအတွင်း၌ အမျိုးသားများ အဝတ်လဲနေကြသည်။ ထိုအချိန်၌ ခုံတန်းတစ်ခုပေါ်တွင်ရှိသော ဟန်းဖုန်းတစ်လုံးမှ အသံမြည်လာသည်။ အမျိုးသားတစ်ယောက်က ဖုန်းကိုကောက်ယူပြီး စပီကာ (Loudspeaker) ဖွင့်၍ စကားပြောသည်။ အခန်းတွင်းရှိ ကျန်လူများက နားစွင့်နေကြသည်။

အမျိုးသား ။ ။ "ဟယ်လို"

အမျိုးသမီး ။ ။ "မောင်၊ ကျွန်မပါ။ မောင်အခု ကလပ်မှာလား"

အမျိုးသား ။ ။ "ဟုတ်တယ်"

အမျိုးသမီး ။ ။ "ကျွန်မ အခု ကုန်တိုက်ထဲမှာ အရမ်းလှတဲ့ လယ်သာကုတ်အင်္ကျီတစ်ထည် တွေ့ထားတယ် သိလား။ ဒေါ်လာ

၁၀၀၀ ပဲကျတယ်။ ကျွန်မဝယ်လိုက်ရမလားဟင်"

အမျိုးသား ။ ။ "အချစ်ကြိုက်ရင် ဝယ်လိုက်ပေါ့ကွာ"

အမျိုးသမီး ။ ။ "ဒီနှားက ကားအရောင်ပြခန်းမှာလည်း ကျွန်မအရမ်းကြိုက်တဲ့ မာစီးဒီးကား မော်ဒယ်လ်အသစ်တစ်မျိုး တွေ့ထားတယ် မောင်"

အမျိုးသား ။ ။ "ဟုတ်လား၊ ဘယ်လောက်တဲ့လဲ"

အမျိုးသမီး ။ ။ "ဒေါ်လာ ၆၅၀၀၀ တဲ့"

အမျိုးသား ။ ။ "ဟုတ်ပြီလေ။ ဒါပေမဲ့ ဒီဈေးနဲ့ဆိုရင်တော့ အာမခံချက်တွေဘာတွေစုံစုံနဲ့ ရွေးစရာလဲ များများလိုချင်တယ်"

အမျိုးသမီး ။ ။ "ဟယ် တကယ်လား။ နေဦး . . . နေဦး ဒါဆိုနောက်တစ်ခုရှိသေးတယ်။ မနှစ်က ကျွန်မတို့သဘောကျနေတဲ့ အိမ်ရာလေ အခု ဈေးကွက်ထဲပြန်ဝင်လာပြန်ပြီ။ ခေါ်ဈေးက ဒေါ်လာ ၉၅၀၀၀၀ လို့ပြောတယ်။"

အမျိုးသား ။ ။ "သူတို့ခေါ်ဈေးအတိုင်းတော့ မပေးနဲ့ကွာ။ ၉၀၀၀၀၀ ပေးမယ်လို့ပြောလိုက်"

အမျိုးသမီး ။ ။ "ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဒါဆိုအိမ်ကျမှ တွေ့မယ်မောင်။ အရမ်းချစ်တယ် သိလား"

အမျိုးသား ။ ။ "အင်း . . .အင်း၊ ဘိုင်ဘိုင်"

အမျိုးသားက ဖုန်းကိုချလိုက်သည်။ အဝတ်လဲခန်းတွင်းရှိ ကျန်လူများအားလုံးက သူ့အား အံ့သြတကြီး ကြည့်နေကြသည်။

အမျိုးသားက ပြုံး၍ မေးလိုက်သည်။

"ဒါဘယ်သူ့ဖုန်းဆိုတာ သိတဲ့လူရှိကြသလားဗျာ"

## တယ်လီဖုန်း၏ အကျိုးကျေးဇူး

"ကလင် . . .ကလင် . . .ကလင်"

"ဟယ်လို"

"ဟော့ သားသားလား။ ဖေဖေပါ"

"မေမေ ဖုန်းနားမှာ ရှိလားသား"

"မရှိဘူး မေမေ။ အပေါ်ထပ်က အိပ်ရာထဲမှာ အန်ကယ် ပေါလ်နဲ့ အိပ်နေတယ်"

(တစ်ဖက်မှ အသံခဏတိတ်သွားသည်)

"သားမှာ အန်ကယ်ပေါလ်မှ မရှိတာသားရဲ့"

"ရှိပါတယ်။ ဖေဖေကလည်း အပေါ်ထပ်က အခန်းထဲ မှာ မေမေနဲ့ပါဆိုနေ"

(အသံတိတ်သွားပြန်သည်)

ပြီးမှ . . .

"ဟုတ်ပြီလေ ဟုတ်ပြီ။ ဒါဆို သားကို ဖေဖေခိုင်းချင်

တာ တစ်ခုရှိတယ်။ ဖုန်းခွက်ကို စားပွဲပေါ်မှာချထား ခဲ့ပြီး အပေါ်ကိုပြေး၊ ပြီးရင် အိပ်ခန်းတံခါးကိုခေါက် ပြီး မေမေ့ကိုအော်ပြောလိုက်။ ဖေဖေကား အိမ်ရှေ့ကို ရောက်လာပြီလို့၊ ကြားလားသား"

"ဟုတ်ကဲ့ ဖေဖေ၊ ခဏလေးစောင့်နော်"

မိနစ်အနည်းငယ်ကြာပြီးနောက် ကောင်လေးက ဖုန်း ပြန်လာကိုင်သည်။

"သားလုပ်ခဲ့ပြီ ဖေဖေ"

"အေး၊ အဲဒီတော့ ဘယ်လိုဖြစ်သွားလဲ သားလေး"

"မေမေက ကြောက်ပြီး ခုတင်ပေါ်ကနေ အဝတ်အစား တွေမပါဘဲ ခုန်ဆင်းတယ်။ ပြီးတော့ အော်ပြီး လျှောက်ပြေးနေတယ်"

"နောက်ပြီးတော့ ကော်ဇော်ပေါ် ခလုတ်တိုက်ပြီး ချော် လဲတာ မှန်တင်ခုံနဲ့ သူ့ခေါင်းနဲ့ ဆောင့်မိသွားတယ် ဖေဖေ။ အခုသူ လှုပ်တာမတွေ့ရတော့ဘူး"

"ဟော . . .ဘုရား ဘုရား၊ ဒါဆို မင်းရဲ့ အန်ကယ် ပေါလ်ကရော"

"သူလည်း ခုတင်ပေါ်ကနေ အဝတ်စားဗလာနဲ့ ခုန် ထွက်လာပြီး အနောက်ဘက် ပြတင်းပေါက်ကနေ ရေကူးကန်ထဲကို ခုန်ဆင်းသွားတယ် ဖေဖေ"

"ဒါပေမဲ့ သားထင်တာပြောရရင်တော့ ရေကူးကန်ထဲ

ကရေတွေကို ဖေဖေထုတ်ထားတာ သူသိပုံမရဘူး"
"သူအခု ရေကူးကန်ကြမ်းပြင်ပေါ်ပြုတ်ကျပြီး သေပြီလားမသိဘူး ဖေဖေ"
(အချိန်အကြာကြီး တစ်ဖက်မှ တိတ်ဆိတ်သွားသည်)
(နောက်ထပ်အကြာကြီး တိတ်နေပြန်သည်)
ထို့နောက်တွင်မှ . . .
"ရေကူးကန် ဟုတ်လား"
"ဒါ ၄၈၆–၅၇၃၁" မဟုတ်ဘူးလား"
"အာ . . .ဟင့်အင်း၊ မဟုတ်ပါဘူး၊ ဒါဆို ဦး ဖုန်းမှားနေပြီထင်တယ်"

## ညော်•••••ယောကျ်ား

သေနတ်တစ်လက်နှင့် လူတစ်ယောက် ဘဏ်တစ်ခု အတွင်းသို့ ဝင်သွားပြီး ဘဏ်ရှိငွေများအားလုံးကို ဓားပြ တိုက်လိုက်သည်။

ငွေများအားလုံးကို ရရှိသောသောအခါ သူက ငွေအပ် သူတစ်ယောက်ထံလှည့်၍ မေးလိုက်သည်။

"ကျုပ် ဒီဘဏ်ကို ဓားပြတိုက်တာ ခင်ဗျားတွေ့ သလား"

ထိုသူက ပြန်ဖြေသည်။

"ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော်တွေ့ပါတယ်"

ဘဏ်ဓားပြက ထိုသူကို သေနတ်ဖြင့် ချက်ချင်းပစ် သတ်လိုက်သည်။ တစ်ဖန်သူ၏အနီးတွင် ရပ်နေသော လင် မယားနှစ်ယောက်ထံလှမ်း၍ ယောကျ်ားဖြစ်သူကို မေး လိုက်သည်။

"ဒီဘဏ်ကို ကျူပ်ဓားပြတိုက်တာ ခင်ဗျား တွေ့လိုက်လား"

အမျိုးသားက ပြန်ဖြေသည်။

"ကျွန်တော်မတွေ့ပါဘူး၊ ဒါပေမဲ့ ကျွန်တော့်မိန်းမကတော့ အစကအဆုံး မြင်လိုက်ပါတယ်"

## ဖေဖေသို့

ဖခင်ဖြစ်သူက သားး၏အခန်းရှေ့မှ ဖြတ်အလျှောက်တွင် အခန်းတွင်းရှိ သန့်ရှင်းသပ်ရပ်နေသော အခြေအနေကြောင့် အံ့အားသင့်သွားမိသည်။ အိပ်ရာမှာ ပြန့်ပြူးသပ်ရပ်နေသည်။ စာအုပ်များကိုလည်း စီစီရီရီထပ်ထားသည်။ ထို့နောက် ခေါင်းအုံးပေါ်တွင် စာအိတ်တစ်အိတ် တင်ထားသည်ကိုလည်း တွေ့ရသည်။ စာအိတ်တွင် လိပ်မူထားသည်မှာ ဖေဖေဖတ်ရန် ဟူ၍ ဖြစ်သည်။

ဖခင်က စိတ်တထင့်ထင့်ဖြင့် စာအိတ်ကို ကောက်ယူပြီး တုန်ယင်သောလက်များဖြင့် ဖွင့်ဖောက် ဖတ်လိုက်သည်။

သို့

ဖေဖေ

သားစိတ်မကောင်းခြင်းကြီးစွာ၊ နောင်တများစွာ

နဲ့ ဒီစာကို ရေးလိုက်ပါတယ်။ ဖေဖေနဲ့ မေမေတို့ ခွင့်ပြုမှာ မဟုတ်တဲ့အတွက် သားရဲ့ချစ်သူအသစ်ကို သားခိုးပြေး သွားပါပြီ။ ကျွန်တော် ဂျင်နီကို အမှန်တကယ် ချစ်နေမိပါ ပြီ။ သူမက အရမ်းသဘောကျစရာကောင်းပါတယ်။ ဒါပေ မဲ့ သူမရဲ့ တစ်ကိုယ်လုံးမှာ ဖောက်ထားတဲ့ အပေါက်တွေ၊ တက်တူးတွေနဲ့ ဆိုင်ကယ်စီးအင်္ကျီအကျပ်တွေကို ဖေဖေတို့ ဘယ်လိုမှ သဘောကျမှာမဟုတ်ဘူးဆိုတာကို သားသိပါ တယ်။ နောက်တစ်ချက်က သူမက သားထက်အသက် အများကြီး ကြီးပါတယ်။ ဒါပေမဲ့ သားသူ့ကို လက်ထပ် တာ အချစ်တစ်ခုတည်းကြောင့် မဟုတ်ပါဘူး။ သူမမှာ အခု ကိုယ်ဝန်ရှိနေပါပြီ။ ဂျင်နီက ကျွန်တော်တို့ အတူတူ နေရင် အရမ်းပျော်ကြရမှာလို့ ပြောပါတယ်။ သစ်တောထဲ မှာ သူမ ပိုင်တဲ့ကား၊ အိမ်တစ်လုံးလည်းရှိပါတယ်။ တစ် ဆောင်းတွင်းလုံးအတွက် လုံလောက်တဲ့ ထင်းတွေလည်း ရှိတယ်လို့ပြောပါတယ် ဖေဖေ။ သားတို့တွေ ကလေးတွေ အများကြီး ရအောင်ယူမယ်လို့ စိတ်ကူးထားကြတယ်။

ဆေးခြောက်ဟာ တကယ်တော့ ဘယ်သူ့ကိုမှ ဒုက္ခ ကြီးကြီးမားမားမပေးဘူးဆိုတာလည်း သားသိအောင် ဂျင်နီက ပြောပြရှာတယ်။ ကျွန်တော်တို့ နှစ်ယောက်အတူ ဆေးခြောက်စိုက်ပြီး ကိုကင်းနဲ့စိတ်ကြွဆေးတွေချက်ဖို့ အနီးအနားမှာနေတဲ့လူတွေကို ပြန်ရောင်းစားမယ်လို့

# လက်စသတ်တော့

ဆရာဝန်ထံသို့ လူနာတစ်ယောက်ရောက်လာပြီး သူ၏ခါးအလွန်နာနေကြောင်းပြောပြသည်။ ဆရာဝန်က စမ်းသပ်စစ်ဆေးပြီး ထိုသူကို မေးသည်။

"ဟုတ်ပြီ ခင်ဗျားရဲ့ခါးက ဘာကြောင့်ဒီလိုဖြစ်သွားရတာလဲ"

လူနာက ပြန်ဖြေသည်။

"ကျွန်တော် နိုက်ကလပ်တစ်ခုမှာ အလုပ်လုပ်နေတာ ဆရာသိတယ်မဟုတ်လား။ ဒီနေ့မနက် ကျွန်တော် အိမ်ကို စောစောပြန်ရောက်တော့ ကျွန်တော့်အိပ်ခန်းထဲက အသံကြားရသည်။ အခန်းထဲကို ဝင်လိုက်တော့ ကျွန်တော့် မိန်းမနဲ့အတူ လူတစ်ယောက်ယောက်ရှိနေခဲ့တယ်ဆိုတာ ကျွန်တော် သတိထားမိတယ်။ ဝရန်တာ တံခါးကလည်း ပွင့်နေတယ်။

ဝရန်တာမှာ သွားကြည့်လိုက်တော့ ဘယ်သူမှ မတွေ့ရဘူး။ ဒါနဲ့ ကျွန်တော်လည်း ဝရန်တာကနေပြီး အောက်ကိုငုံ့ကြည့်လိုက်တော့ အကျႌ အဝတ်အစားတွေ ကပျာကသီစွပ်ပြီး ပြေးသွားတဲ့ လူတစ်ယောက်ကို တွေ့လိုက်တယ်။ ကျွန်တော် လည်း စိတ်ဆိုးဆိုးနဲ့ အခန်းထဲက ရေခဲသေတ္တာကို မ ပြီး အဲဒီလူအပေါ်ကို ပစ်ချလိုက်တာပဲ။ ဒါကြောင့် အခု ကျွန်တော့် ခါးနာနေတာ"

ထို့နောက် ဒုတိယလူနာတစ်ယောက် ရောက်လာသည်။ သူ၏ပုံစံမှာ ပထမလူနာထက်ပို၍ အခြေအနေဆိုးပုံရသည်။ ဆရာဝန်က မေးလိုက်သည်။

"စောစောက လူနာတစ်ယောက်လည်း အခြေအနေဆိုးတယ်။ ဒါပေမဲ့ ခင်ဗျားက ပိုတောင်ဆိုးနေသေးတယ်။ ဘယ်လိုဖြစ်လာ ရတာလဲ"

ဒုတိယလူနာက ပြန်ဖြေလိုက်သည်။

"ကျွန်တော့်မှာ အလုပ်အကိုင်မည်မည်ရရမရှိတာကြာပြီဆိုတာ ဆရာလည်း သိပါတယ် ဆရာ။ ဒီကနေ့ဟာ ကျွန်တော့်အလုပ်အသစ်မှာ ပထမဆုံးနေ့ပါ။ ညက ကျွန်တော် နာရီ (Alarm) ပေးဖို့မေ့သွားလို့ အိပ်ရာထလည်း နောက်ကျသွားတယ်။ ဒါနဲ့ ကျွန်တော်နေတဲ့ အဆောက်အဦထဲက အပြေးကလေး

ထွက်လာပြီး အဝတ်အစားတွေလည်း အပြင်ရောက်မှ အပြေးအလွှားသွားရင်း ဝတ်ရပါတယ်။ အဲဒီအချိန်မှာပဲ ဆရာ ယုံတောင်ယုံမှာမဟုတ်ပါဘူး ဆရာရယ်။ ကျွန်တော်အပေါ်ကို ရေခဲသေတ္တာတစ်လုံး ပြုတ်ကျလာတာပါပဲ"

ဆရာဝန်ထံသို့ တတိယလူနာတစ်ယောက် ရောက်ရှိလာပြန်သည်။ သူ၏အခြေအနေမှာ ရှေ့ယခင်လူနာနှစ်ဦးထက်ပင် ပို၍ဆိုးနေသည်။ ဆရာဝန်လည်း အံ့အားသင့်သွားသည်။

"ခင်ဗျားကရော ဘယ်လိုဖြစ်လာရတာလဲ"

"ကျွန်တော် ရေခဲသေတ္တာထဲမှာ ဝင်ထိုင်နေတုန်း တစ်စုံတစ်ယောက်က ရေခဲသေတ္တာကိုမပြီး တတိယထပ်ကနေ အောက်ကိုပစ်ချလိုက်တာကို ခံလိုက်ရတာပါပဲဗျာ"

## မိတ်ဆွေကောင်း

နယူးဂျာစီ မှဆိုးနှစ်ယောက် တောထဲ၌ အမဲလိုက်နေရင်း တစ်ယောက်သောသူမှာ မြေကြီးပေါ်သို့ လဲကျသွားသည်။ သူ၏ပုံစံမှာလည်း အသက်ရှူပုံမပေါ်ပေ။ မျက်လုံးများမှာ နောက်သို့လန်တက်နေသည်။ အဖော်ပါလာသူက သူ၏ဖုန်းကိုထုတ်ပြီး အရေးပေါ်ဝန်ဆောင်မှုသို့ ဖုန်းဆက်လိုက်သည်။ သူက အော်ပရေတာကို ကမူးရှူးတိုး ပြောလိုက်သည်။

"ကျွန်တော့်သူငယ်ချင်း သေပြီလားမသိဘူး။ ကျွန်တော် ဘာလုပ်ရမလဲ"

အော်ပရေတာက တည်ငြိမ်အေးဆေးသော လေသံဖြင့် ပြန်ပြောသည်။

"စိတ်အေးအေးထားပါ။ ကျွန်တော်ကူညီပါ့မယ်။ ပထမဆုံး သူသေတာ ဟုတ်မဟုတ် သေချာအောင်

ကြည့်ပါဦး"

တစ်ဖက်မှ အသံတိတ်သွားသည်။ ထို့နောက် သေနတ်သံတစ်ချက်ကြားလိုက်ရသည်။

ထို့နောက် ဖုန်းလိုင်းပေါ်တွင် တစ်ဖက်လူ၏ အသံပြန်ပေါ်လာပြီး မေးလိုက်သည်။

"အိုကေ၊ ရပြီ။ အခု ဘာဆက်လုပ်ရမလဲ"

## မှားတဲ့အခါလည်း မှားပေမပေါ့

ရှားလော့ဟုမ်းနှင့် ဒေါက်တာဝပ်ဆင်တို့ တောတွင်း၌ စခန်းချနေကြသည်။ ဝိုင်တစ်ပုလင်းနှင့် ညစာကောင်းကောင်းတို့ကို စားသောက်ကြပြီးနောက် အနားယူ၍ အိပ်ရာဝင်ခဲ့ကြသည်။

နာရီအနည်းငယ်အကြာတွင် ဟုမ်း အိပ်ရာမှနိုးလာပြီး သူ့မိတ်ဆွေကို လှုပ်နိုးလိုက်သည်။

"ဝပ်ဆင်၊ ထစမ်းပါဦးဗျ။ ကောင်းကင်ပေါ်မော့ကြည့်ပြီး ခင်ဗျား ဘာမြင်ရတယ်ဆိုတာ ကျုပ်ကိုပြောပြပါဦး"

"ကျုပ် ကြယ်တွေအများကြီးကို တွေ့ရတယ်ဗျ၊ ဟုမ်း ရ" ဟု ဝပ်ဆင်က ပြန်ဖြေလိုက်သည်။

"ဒါဆို ဒါကို ခင်ဗျားဘယ်လိုကောက်ချက်ဆွဲမလဲ"

ဝပ်ဆင်က ခဏစဉ်းစားဟန်ပြုပြီးမှ ပြန်ဖြေလိုက်

သည်။

"အင်း နက္ခတ်ဗေဒအလိုအရဆိုရင်တော့ စကြဝဠာထဲမှ နဂါးငွေ့တန်းတွေ သန်းပေါင်းများစွာရှိပြီး ဂြိုလ်တွေလည်း သန်းပေါင်းများစွာ ရှိနိုင်တယ်ဆိုတာကို ပြတာပဲ"

"ဗေဒအလိုအရဆိုရင်တော့ အခုဆိုရင် အချိန်ဟာ မနက် ၃ နာရီနဲ့ ၁၅ မိနစ်လောက်ရှိနေပြီလို့ ကျုပ်တော့ ယူဆတယ်"

"မိုးလေဝသပညာအရဆိုရင်တော့ မနက်ဖြန်ဟာ သာယာတဲ့နေ့တစ်နေ့ ဖြစ်နိုင်တယ်"

"သီအိုရီအရဆိုရင်လည်း ဘုရားသခင်ဟာ အဆုံးမဲ့တန်ခိုးရှင်ဖြစ်ပြီး ကျုပ်တို့ကတော့ စကြဝဠာရဲ့ သေးငယ်ပမွှားတဲ့ အစိတ်အပိုင်းကလေးတစ်ခုသာ ဖြစ်တယ်လို့ ယုံကြည်ရမှာပဲ"

"ကဲ ခင်ဗျားရော ဘယ်လိုယူဆသလဲ ဟုမ်း"

ဟုမ်းက အချိန်ခဏကြာအောင် တိတ်ဆိတ်သွားသည်။ ပြီးမှ သူက ပြောလိုက်သည်။

"ဝပ်ဆင် ခင်ဗျား တော်တော်ဝေးတဲ့လူပဲ။ ကျုပ်တို့ရွက်ဖျက်တဲကို လူခိုးသွားပြီဗျ"

## မသိသူကျော်သွား • • •

နာဆာ (NASA) မှ အာကာသယာဉ်မှူးများအား ပထမဆုံး လွှတ်တင်စဉ်က ဖြစ်သည်။ ကမ္ဘာမြေဆွဲအားမှ ကင်းလွတ်သောနေရာတွင် ဘောပန် (ball point pen) များ အလုပ်မဖြစ်ကြောင်းကို အလျင်အမြန် သိရှိသွားကြသည်။ ဤပြဿနာကို ဖြေရှင်းရန်အတွက် နာဆာက သိပ္ပံပညာရှင်များစွာနှင့် ဘီလျံ ၁၂ သန်း အကုန်ခံကာ ၁၀စုနှစ်တစ်ခုကြာအောင် သုတေသနပြုခဲ့ကြသည်။ ဤသို့ သုတေသနပြုရာတွင် ဘောပန်တစ်ချောင်းအား ကမ္ဘာမြေဆွဲအားနှင့်ကင်းလွတ်သောနေရာ၊ ရေအောက်၊ မှန်အပါအဝင် မျက်နှာပြင်အမျိုးမျိုးနှင့် ရေခဲအမှတ်အောက်မှ 300 C အပူချိန်ထိ ရေးသားနိုင်အောင် မည်သို့ပြုလုပ်မည်ကို အားထုတ်ကြိုးပမ်းခဲ့ကြသည်။

ယင်းအချိန်တွင် ရုရှားတို့ကခဲတံကို အသုံးပြုခဲ့ကြသည်။

## အဟုတ်မှတ်လို့

လူနှစ်ယောက် အရက်ဆိုင်တစ်ဆိုင်တွင် အတူထိုင်၍ အရက်သောက်နေကြသည်။ ပထမလူကစ၍ ဒုတိယလူကို စော်ကားမော်ကား ပြောလိုက်သည်။

"မင်းအမေနဲ့ ငါအတူအိပ်ခဲ့တယ်ကွ"

တစ်ဆိုင်လုံးတွင် တိတ်ဆိတ်ငြိမ်သက်သွားပြီး လူအားလုံးက ဒုတိယလူ မည်သို့ပြန်တုံ့ပြန်မည်ကို စောင့်မျှော်နေကြသည်။ ပထမလူက ထပ်၍ အော်ကြီးဟစ်ကျယ် ပြောလိုက်သည်။

"ဟေ့ကောင် မင်းအမေနဲ့ငါ အတူအိပ်ဖူးတယ်ကွ"

ဒုတိယလူက အေးအေးဆေးဆေးပင် ပြန်ပြောလိုက်သည်။

"အဖေ မူးနေရင် အိမ်ပြန်တော့ဗျာ"

# ကမ္ဘာ့အမြန်ဆုံး အဖြစ်အပျက်

နယူးယောက်၏ နောက်ဖေးလမ်းကြားတစ်ခုတွင် လိပ်တစ်ကောင် လမ်းလျှောက်လာစဉ် ပက်ကျိလူဆိုးဂိုဏ်း၏ လုယက်တိုက်ခိုက်ခြင်းကို ခံလိုက်ရသည်။ တာဝန်ကျရဲသားတစ်ယောက် လိပ်ထံသို့ ရောက်ရှိလာပြီး မည်သို့မည်ပုံ ဖြစ်ပျက်သွားသည်ကို မေးမြန်းစုံစမ်းသည်။

လိပ်က စိတ်ရှုပ်ထွေးနေသော မျက်နှာထားနှင့် ရဲသားကို ကြည့်ပြီး ပြန်ဖြေသည်။

"အဖြစ်အပျက်က အရမ်းမြန်တော့ ကျွန်တော်လည်း သေချာမသိလိုက်ပါဘူးဗျာ"

ပိုင်းလော့ဘိုးဘိုး

ကျွန်တော် ကျွန်တော့်ဘိုးဘိုးလို အိပ်ပျော်နေရင်းနဲ့ ငြိမ်းငြိမ်းချမ်းချမ်း အသက်ကုန်ဆုံးချင်ပါတယ်။

သူ့ခရီးသည်တွေလို ထိတ်လန့်တကြားအော်ဟာစ်ပြီး မှ မသေချင်ဘူး။

## အကျဉ်းထောင်နှင့်အလုပ်

အကျဉ်းထောင်မှာ

သင် တစ်နေ့လျှင် ထမင်းသုံးနပ် အလကားစားရမည်။

အလုပ်ခွင်

သင်သည် ထမင်းတစ်နပ်စားရန် နားချိန်ဓဏသာရ၍ ၎င်းထမင်းတစ်နပ်အတွက် သင့်ပိုက်ဆံကိုအကုန်ခံရခြင်းဖြစ်နိုင်သည်။

အကျဉ်းထောင်မှာ

သင်၏ အပြုအမူကောင်းများအတွက် လျှော့ရက်များ ရရှိသည်။

အလုပ်ခွင်

သင်၏အပြုအမူကောင်းများနှင့် အလုပ်များများ ပိုလုပ်သောကြောင့် ဆုချီးမြှင့်ခံရသည်။

အကျဉ်းထောင်မှာ

အစောင့်တစ်ယောက်က သင့်အတွက် တံခါးများကို အဖွင့်အပိတ်လုပ်ပေးသည်။

အလုပ်ခွင်

သင်သည် လုံခြုံရေးကတ်တစ်ခုအား ယူဆောင်လာရမည်ဖြစ်ပြီး ၎င်းကတ်ဖြင့် တံခါးများအားလုံးကို သင်ကိုယ်တိုင်ဖွင့်ရမည်။

အကျဉ်းထောင်မှာ

သင်သည် တီဗွီကြည့်နိုင်ပြီး ဂိမ်းကစားနိုင်သည်။

အလုပ်ခွင်

တီဗွီကြည့်၊ ဂိမ်းကစားခြင်းကြောင့် သင်အလုပ်ဖြုတ်ခံရနိုင်သည်။

အကျဉ်းထောင်မှာ

သင့်အတွက် ကိုယ်ပိုင် အိမ်သာရှိသည်။

အလုပ်ခွင်

အများနှင့်အတူ အိမ်သာကိုမျှသုံးရသည်။

အကျဉ်းထောင်မှာ

သင်၏ မိသားစုဝင်များနှင့် မိတ်ဆွေများ သင့်ထံ အလည်လာခွင့်ရှိသည်။

အလုပ်ခွင်

သင့်မိသားစုနှင့် မိတ်ဆွေများအား စကားပြောခွင့် မရှိပေ။

အကျဉ်းထောင်မှာ

ကုန်ကျစရိတ်များ အားလုံးအပေါ် အလုပ်လုပ်ရန် မလိုအပ်ဘဲ အခွန်ထမ်းသူများထံမှသာ ယူသည်။

အလုပ်ခွင်

အလုပ်သို့ အသွားအပြန် ကုန်ကျစရိတ်များကို သင်ပေးရပြီး အကျဉ်းသားများအား ပေးရန် သင်၏လစာမှ အခွန်ကောက်သည်။

ကဲ . . . ဘယ်လိုလဲ။ သင့်ရဲ့ သူငွေးကို သွားသတ်မလို့စိတ်ကူးနေပြီမဟုတ်လား။

☺ ဟာသဖြစ်စေရန်သာ ရည်ရွယ်ပါသည်။

## စာလာနေတယ်

အမျိုးသားတစ်ယောက် သူ၏အိမ်ရှေ့မြက်ခင်းတွင် မြက်ရိတ်နေစဉ် အိမ်နီးချင်းအိမ်မှ ရွှေရောင်ဆံပင်နှင့် မိန်းမချောတစ်ယောက် ထွက်လာပြီး စာတိုက်ပုံးဆီသို့ သွားသည်ကို တွေ့လိုက်သည်။ သူမက စာတိုက်ပုံးကို ဖွင့်ကြည့်သည်။ ထို့နောက် ပြန်ပိတ်ပြီး အိမ်ထဲသို့ ပြန်ဝင်သွားသည်။

ခဏကြာလျှင် ထိုအမျိုးသမီးသည် အိမ်ထဲမှ ပြန်ထွက်လာပြီး စာတိုက်ပုံးရှိရာသို့ သွားပြန်သည်။ ထို့နောက် စာတိုက်ပုံးကို ဖွင့်ကြည့်သည်။ ပြန်ပိတ်သည်။ ပြီးလျှင် စိတ်ဆိုးမာန်ဆိုးနှင့် အိမ်ထဲသို့ပြန်ဝင်သွားသည်။

အမျိုးသားက သူ၏မြက်ခင်းအား နောက်ဆုံးအချောသတ်ခါနီးတွင် မိန်းမချော ပြန်ထွက်လာပြန်သည်။ စာတိုက်ပုံးရှိရာသို့ ချီတက်သွားပြီး ဖွင့်ကြည့်လိုက်သည်။ ထို့နောက် ယခင်ကထက်ပင် ပို၍အရှိန်ပြင်းပြင်းနှင့်

ဆောင့်ပိတ်လိုက်သည်။

သူမ၏အမူအရာမှာ ထူးခြားနေသဖြင့် အမျိုးသားက သိချင်စိတ်နှင့် မေးမြန်းလိုက်သည်။

"ဘာများဖြစ်လို့လဲဟင်"

ထိုအခါ အမျိုးသမီးက ပြန်ဖြေလိုက်ပုံမှာ.....

"အမယ်လေး မပြောချင်ပါဘူးရှင်။ ကျွန်မရဲ့ သောက်သုံးမကျတဲ့ ကွန်ပျူတာလေ၊ "You 've got mail" လို့ပဲ ပြောပြောနေလို့" ဟူ၍ဖြစ်ပါသတည်း။

☺ **"You've got mail - စာလာနေတယ်**

## ရှားတဲ့ရှေနေ

သမီးရည်းစားစုံတွဲတစ်တွဲ လက်ထပ်ရန်ရုံးသို့အလာ လမ်းတွင် ကားအက်စီးဒင့်ဖြစ်ပွားခဲ့သည်။ ထိုစုံတွဲသည် သေဆုံးပြီးနောက် ကောင်းကင်ဘုံတံခါးဝသို့ရောက်ရှိသွား ပြီး အထဲသို့ဝင်ခွင့်ရရန်အတွက် စိန့်ပီတာကစီစဉ်ပေးသော စာရွက်စာတမ်းများကို စောင့်ဆိုင်းနေသည်။ ထိုသို့စောင့် နေစဉ် ၎င်းတို့နှစ်ဦးကောင်းကင်ဘုံတွင် လက်ထပ်ရန် ဖြစ် နိုင်ပါ့မလားဟု စဉ်းစားနေကြသည်။ နောက်ဆုံးတွင် စိန့် ပီတာရောက်ရှိလာသောအခါ သူတို့က ၎င်းကို သိချင်တာ မေးလိုက်သည်။ စိန့်ပီတာက ပြန်ဖြေသည်။

"ကျွန်ုပ်လည်းမသိဘူး။ ဒီလိုမျိုးမေးတာ ဒါပထမဆုံး အကြိမ်ပဲ။ ကျွန်ုပ်စုံစမ်းပါရစေဦး"

ထို့နောက် စိန့်ပီတာထွက်ခွာသွားသည်။ ချစ်သူနှစ်ဦး သည်ကောင်းကင်ဘုံတွင် နှစ်လခန့်စောင့်နေကြရာ ၎င်းတို့ နှစ်ဦးကောင်းကင်ဘုံ၌ အမှန်တကယ် လက်ထပ်ရန်သင့် မသင့်ကို တွေးတောမိလာကြသည်။ အဆင်မပြေခဲ့သော်

မည်သို့ဖြစ်မည်နည်းဟု စဉ်းစားမိသည်။ နောက်တစ်လ အကြာတွင် စိန့်ပီတာပြန်လာသည်။ သူ၏ပုံစံမှာ ညစ်ပတ်ပေရေနေသည်။

"ကဲ ရပြီ။ မင်းတို့ကောင်းကင်ဘုံမှာ လက်ထပ်နိုင်ပြီ" ဟု ချစ်သူနှစ်ဦးကို အသိပေးလိုက်သည်။

"ကောင်းပါပြီ။ ဒါပေမဲ့ တကယ်တို့ ကျွန်တော်တို့ နှစ်ယောက် အဆင်မပြေရင် ဘယ်လိုလုပ်မလဲ။ ကျွန်တော်တို့ ဒီမှာကွာရှင်းခွင့်ရော ရပါ့မလား"

စိန့်ပီတာ၏ မျက်နှာနီရဲသွားသည်။ သူ၏ မှတ်စုစာအုပ်ကို မြေကြီးပေါ်သို့ ပစ်ချလိုက်သည်။ ချစ်သူနှစ်ဦးမှာ အလန့်တကြားဖြစ်သွားပြီး မေးလိုက်သည်။

"ဘာ . . . ဘာများမှားလို့လဲဟင်"

စိန့်ပီတာက တစ်စုံတစ်ခုကို စိတ်ပျက်လက်ပျက် ရေရွတ်လိုက်ပြီးမှပြန်ဖြေသည်။

"ဘုန်းတော်ကြီးတစ်ယောက်ကို ဒီပေါ်ရောက်အောင် ခေါ်နိုင်ဖို့ ကျုပ်သုံးလအချိန်ပေးပြီး ရှာခဲ့ရတယ်။ ရှေ့နေတစ်ယောက် ဒီကိုရောက်ဖို့ ကျုပ်အချိန်ဘယ်လောက်တောင်ပေးပြီးရှာရမလဲဆိုတာ မင်းတို့နည်းနည်းမှ မစဉ်းစားမိကြဘူးလား"

# ပြန်မလိုချင်ဘူး

အမျိုးသမီးတစ်ယောက်က ရဲစခန်းကို ဖုန်းဆက်ပြီး သူမ၏ခင်ပွန်းပျောက်ဆုံးနေကြောင်း သတင်းပို့သည်။ ရဲများ သူမအိမ်သို့ရောက်ရှိလာပြီး ခင်ပွန်း၏ ပုံပန်းသဏ္ဌာန်ကို မေးသည်။ အမျိုးသမီးက သူမခင်ပွန်း၏ ပုံသဏ္ဌာန်ကို အရပ် ၆ ပေ ၂ လက်မ၊ ရွှေရောင်လှိုင်းထနေသောဆံပင်နှင့် မြင်သူတိုင်း ချစ်ခင်နှစ်သက်စေသော အပြုံးပိုင်ရှင်ဟု သရုပ်ဖော်ပေးလိုက်သည်။

ရဲသားတစ်ယောက်က အိမ်နီးချင်းအိမ်မှ အမျိုးသမီးတစ်ဦးထံသွား၍ ပျောက်ဆုံးသွားသူ၏ ပုံပန်းသဏ္ဌာန်ကို ပြောပြပြီး မေးမြန်းစုံစမ်းသည်။ ထိုအခါ အိမ်နီးချင်းအမျိုးသမီးက ပြန်ပြောလိုက်သည်။

"ရှင်တို့ သူ့ကိုမယုံနဲ့ရှင့်။ သူ့ယောကျ်ားက အရပ် ၅ ပေ ၄ လက်မ ထိပ်ပြောင်ပြောင်နဲ့ မျက်လုံးက

လည်း အမြဲမှုန်ကုပ်နေတာရှင့်"

ထို့နောက် အိမ်နီးချင်းအမျိုးသမီးက ယောကျ်ား ပျောက်တိုင်ချက်ဖွင့်ထားသူ အမျိုးသမီးထံသို့သွား၍ အဘယ်အတွက်ကြောင့် ဤသို့မှားယွင်းသောပုံစံကို သတင်းပို့ရသနည်းဟု မေးလိုက်သည်။ ထိုအခါ အမျိုးသမီး ပြန်ဖြေလိုက်ပုံမှာ

"ကျွန်မက သူ့ကိုပျောက်ဆုံးတယ်လို့ပဲ သတင်းပို့တာ၊ သူ့ကိုပြန်လိုချင်တယ်လို့ ပြောတာမှ မဟုတ်ဘဲ" ဟူသတည်း။

## ဖုန်းစာအုပ်

ကောင်လေး ။ ။ ကိုယ်မင်းကို ဖုန်းဆက်ချင်လို့ မင်းရဲ့ ဖုန်းနံပါတ်လေး သိပါရစေ။

ကောင်မလေး။ ။ အဲဒါ ဖုန်းစာအုပ်ထဲမှာ ရှိတယ်။

ကောင်လေး ။ ။ ဒါပေမဲ့ မင်းရဲ့နာမည်ကို ကိုယ် မသိသေးဘူးလေ။

ကောင်မလေး။ ။ ဒါလည်း ဖုန်းစာအုပ်ထဲမှပဲ လိုက်ရှာ။

## ယုံမှတ်လို့ ပုံအပ်တယ်

ဘတ်စ်ကားတစ်စီး အလွန်ဆိုးရွားစွာ တိမ်းမှောက်မှု ဖြစ်ပွားသွားသည်။ ကံဆိုးစွာပင် ဘတ်စ်ကားပေါ်တွင် လိုက်ပါလာသော ခရီးသည်များအနက် မျောက်တစ်ကောင် မှလွဲ၍ ကျန်လူများအားလုံး သေဆုံးသွားကြသည်။ မျက်မြင်သက်သေလည်း မရှိတော့ပေ။ ရဲသားများမှာ အမှုကို ထဲထဲဝင်ဝင်စုံစမ်းရန် ကြိုးစားသော်လည်း ရလဒ်မှာ တိုးတက်မှုမရှိပေ။ နောက်ဆုံးတွင် ၎င်းတို့က မျောက်ကို မေးမြန်းစုံစမ်းရန် ကြိုးစားကြသည်။ မျောက်က ၎င်းတို့၏ မေးခွန်းများကို ကိုယ်ဟန်အမူအရာဖြင့် တုံ့ပြန်မည့်ပုံမျိုး ပြသည်။ ထို့ကြောင့် သူတို့က မျောက်ကို မေးခွန်းများ စမေးကြသည်။

ရဲအရာရှိတစ်ယောက်က စမေးသည်။

"ဘတ်စ်ကားပေါ်မှာ လူတွေ ဘာလုပ်နေခဲ့ကြလဲ"

မျောက်က သူ၏ခေါင်းကို စိတ်ပျက်လက်ပျက်အမူအရာနှင့်ခါလိုက်ပြီးမှ ကသည့်အမူအရာလုပ်ပြသည်။ ဘတ်စ်ကားပေါ်မှလူများ ပျော်ပါးကခုန်နေကြသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ရဲအရာရှိက ထပ်မေးသည်။

"ဟုတ်ပြီ၊ ပြီးတော့ သူတို့ဘာတွေလုပ်ကြသေးလဲ"

မျောက်က သူ၏လက်ကို ပါးစပ်နားတွင်တေ့၍ ပုလင်းတစ်လုံးကိုင်ထားသကဲ့သို့ ပြုလုပ်ပြသည်။

ရဲအရာရှိက ပြောလိုက်သည်။

"ဪ . . . သူတို့ အရက်သောက်ကြတယ်၊ ဟုတ်လား၊ ပြီးတော့ ဘာတွေလုပ်ကြသေးလဲ"

မျောက်ကခေါင်းညိတ်ပြပြီး သူ့ပါးစပ်ကို ပွစိပွစိလုပ်ကာ လူများစကားပြောသည့်ဟန်မျိုးလုပ်ပြသည်။

ရဲအရာရှိက စိတ်မရှည်တော့ဘဲ "နေစမ်းပါဦး၊ သူတို့ ဒီလောက်သောက်စားပျော်ပါးနေကြတော့ ဒီသောက် ဘတ်စ်ကားကို ဘယ်သူက မောင်းနေသလဲဟင်"

မျောက်က မြူးထူးစွာ သူ၏လက်နှစ်ဖက်ကို မြှောက်၍ ကားလက်ကိုင်ခွေအား ကိုင်သည့် ပုံသဏ္ဌာန်မျိုး လုပ်ပြလိုက်လေသည်။

## ခုနစ်လှာပေါက်စီ

ကျွန်တော်၏ဇနီးအား မီးဖွားခန်းထဲသို့ပို့ပြီးနောက် အပြင်ဖက်အခန်းတွင် ကျွန်တော်ထိုင်စောင့်နေသည်။ သူနာပြုဆရာမတစ်ယောက် ဖွားခန်းထဲမှ ထွက်လာပြီး ကျွန်တော့်ဘေးတွင်ထိုင်နေသော အညာသားဟန်နှင့်လူကို ပြောလိုက်သည်။

"ဝမ်းသာပါတယ်ရှင်၊ ရှင့်ဇနီး အမြွှာပူးလေးမွေးပါတယ်"

ထိုလူက ဝမ်းမြောက်စွာ ပြန်ပြောလိုက်သည်။

"ကဲ ဘယ့်နှယ်ရှိစ။ ကျုပ်က အိကြာကွေး ကြော်ရောင်းတဲ့လူဗျ" ထို့နောက် သူက သူနာပြုဆရာမနောက်မှ သူ့ဇနီးရှိရာသို့ လိုက်သွားသည်။

တစ်နာရီခန့်ကြာသောအခါ စောစောက သူနာပြုဆရာမပင် ပြန်ထွက်လာသည်။ ထို့နောက် ကိုဆွာမိ၏ဇနီး

သုံးမြွာပူးလေးမွေးကြောင်း ကြေငြာလိုက်သည်။ ကုလား တစ်ယောက် ထသွားပြီး ဆရာမကို ဝမ်းသာအယ်လဲ ပြောလိုက်သည်။

"ကုလားနော် စမူဆာရောင်းတယ် ဆရာမ၊ အခု ကုလားမိန်းမ သုံးမြွာပူးလေး မွေးပြီ"

ကျွန်တော်၏ ဘေးတစ်ဖက်တွင် ထိုင်နေသော အသားဖြူဖြူဝဝနှင့် လူမှာ ဂနာမငြိမ်ရှိနေရာမှ ထိုင်ရာက ထသွားသည်။ ကျွန်တော်က သူ့ကို မည်သည့်အတွက် ကြောင့် ထပြန်ရသနည်းဟု မေးလိုက်သောအခါ ထိုသူက ဖြည်းလေးစွာ ပြန်ဖြေလိုက်သည်။

"ကျွန်တော် လေနည်းနည်းလောက် သွားရှူမလို့ပါ၊ ကျွန်တော်က ခုနစ်လွှာပေါက်စီလုပ်ရောင်းတဲ့လူပါ"

## အတုယူမှားသူ

ခရီးစဉ်တစ်ခုအတွက် လေယာဉ်ပေါ်တွင် နေရာယူရန် ရောက်လာသော လူတစ်ယောက်သည် သူ၏နံဘေးထိုင်ခုံတွင် ကြက်တူရွေးတစ်ကောင်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားသည်။ သူက လေယာဉ်မယ်အား ကော်ဖီတစ်ခွက်ပေးရန် မှာလိုက်သည်။ ကြက်တူရွေးကလည်း "ဟဲ့နွားမ၊ ငါ့ကို ဝီစကီတစ်ခွက်ပေးစမ်း" ဟု မှာလိုက်သည်။ လေယာဉ်မယ်မှာ ပျာယာခတ်သွားပြီး ကြက်တူရွေးအတွက် ဝီစကီတစ်ခွက်ကို ချက်ချင်းယူလာခဲ့သည်။ သို့သော် ကော်ဖီတော့ ပါမလာပေ။

ကော်ဖီမှာသောလူက လေယာဉ်မယ်ကို စောဒကတက်သောအခါ ကြက်တူရွေးက သူ၏ဝီစကီခွက် မှောက်ချလိုက်ပြီး "ဟဲ့ ငါ့ကိုနောက်ထပ် ဝီစကီတစ်ခွက်ပေးစမ်း ငတုံးမ" ဟု လေယာဉ်မယ်ကို ဟောက်လိုက်ပြန်သည်။

လေယာဉ်မယ်လည်း စိတ်ပျက်လက်ပျက် အမူအရာဖြင့် ဝီစကီတစ်ခွက်သွားယူပြီး ကြက်တူရွေးကို ပေးလိုက်သည်။ ကော်ဖီတော့ ပါမလာသေးပေ။

ဤကဲ့သို့ မထီမဲ့မြင်ပြုမှုမျိုးကို သည်းမခံနိုင်တော့သော ကော်ဖီမှာသူက ကြက်တူရွေး၏နည်းကို အသုံးပြုပြီး လေယာဉ်မယ်ကို ပြောလိုက်သည်။

"ငါ ကော်ဖီမှာတာ နှစ်ခါရှိပြီ။ မင်း အခုချက်ချင်း ကော်ဖီသွားယူရင်ယူ၊ မယူရင် မင်းကို ငါလေယာဉ် ပေါ်က ကန်ချလိုက်မယ်"

နောက်တစ်မိနစ်အကြာတွင် တုတ်ခိုင်သန်မာသော လေယာဉ်မောင်နှစ်ဦးက ကြက်တူရွေးနှင့် ထိုသူတို့အား ချုပ်ကိုင်ပြီး လေယာဉ်အရေးပေါ်ထွက်ပေါက်မှ ပစ်ချလိုက်ကြသည်။ အောက်သို့ ကျနေစဉ်တွင် ကြက်တူရွေးက ထိုသူဘယ်သို့လှည့်၍ ပြောလိုက်သည်။

"မပျံတတ်တဲ့ လူတစ်ယောက်အဖို့ ခင်ဗျားစောဒကတက်တာ သိပ်များနေတယ်ဗျို့"

## သူ့နောင်တ

အမျိုးသမီးတစ်ယောက် အိပ်ရာမှ တစ်ရေးနိုးသော အခါ အနားတွင် သူ့မယောကျ်ားမရှိတော့သည်ကို သတိထားမိသည်။ သူမက အောက်ထပ်သို့ဆင်းပြီး သူ့အား လိုက်ရှာရာ ကော်ဖီတစ်ခွက်ကို လက်တွင်ကိုင်၍ မီးဖိုချောင်ရှိ စားပွဲတစ်လုံးတွင် ထိုင်နေသောသူ့အားတွေ့ရသည်။

ခင်ပွန်းသည်မှာ နံရံကို စိုက်ကြည့်ပြီး တစ်စုံတစ်ခုအား နက်နက်နဲနဲ တွေးတောနေပုံပေါ်သည်။ သူက မျက်လုံးမှ မျက်ရည်စကိုသုတ်လိုက်ပြီး ကော်ဖီအား တစ်ကျိုက်ကျိုက်လိုက်သည်ကို သူမမြင်နေရသည်။ သူမက အခန်းတွင်းသို့ လှမ်းဝင်သွားပြီး ခပ်တိုးတိုး မေးလိုက်သည်။

"မောင် ဘာဖြစ်လို့လဲဟင်။ ညကြီးအချိန်မတော် ဘာလို့အောက်ဆင်းထိုင်နေရတာလဲ"

ခင်ပွန်းသည်က ကော်ဖီခွက်ကို စိုက်ကြည့်နေရင်းမှ စကားစပြောသည်။

"လွန်ခဲ့တဲ့ အနှစ် ၂၀၊ မင်းအသက် ၁၈ နှစ်လောက်တုန်းက မင်းနဲ့ကိုယ်နဲ့ စတွေ့တဲ့အချိန်ကို မှတ်မိသေးလား"

ခင်ပွန်းသည်က လေးနက်တည်ကြည်စွာမေးလိုက်သည်။

"ဟုတ်ကဲ့ ကျွန်မမှတ်မိပါတယ်"

ခင်ပွန်းသည်က ခေတ္တငြိမ်နေပြီး စကားပြောထွက်ရန် ခက်ခက်ခဲခဲကြိုးစားနေရပုံဖြင့် ဆက်ပြောသည်။

"တို့နှစ်ယောက်ကို မင်းအဖေ ပန်းခြံထဲမှာ တွေ့သွားတာကိုရော မင်းမှတ်မိလား"

"မှတ်မိပါတယ်"

အမျိုးသမီးက သူ့နံဘေးမှ ထိုင်ခုံတွင် ဝင်ထိုင်ရင်း အဖြေပေးလိုက်သည်။

ခင်ပွန်းသည်က စကားဆက်လိုက်သည်။

"ပြီးတော့ သူက ငါ့မျက်နှာကို သေနတ်နဲ့ချိန်ပြီး မင်း ငါ့သမီးကို ယူရင်ယူ၊ မဟုတ်ရင်တော့လား မင်းကိုငါ ထောင်ထဲမှာအနှစ် ၂၀ လောက်သွားထားလိုက်မယ်လို့ ပြောတာကိုရော မှတ်မိသေးလား"

"အဲဒါကိုလည်း မှတ်မိပါတယ်" သူမက ညင်ညင်

သာသာနှင့် ပြန်ဖြေသည်။

သူက ပါးပြင်တွင် ထပ်မံ၍ကျလာသော မျက်ရည်စ တစ်စကို သုတ်လိုက်ပြီးမှ ရှေ့ဆက်သည်။

"ဒီကနေ့ဆို ငါ ထောင်ကလွတ်လောက်ပြီကွ၊ အဟင့် . . .အဟင့်"

## ထူးတဲ့ နည်းပညာ

ဆီးနှင်းများကျ၍ လှပသော နေ့တစ်နေ့တွင် သမ္မတကြီးလမ်းလျှောက်ထွက်လာသည်။ ထိုသို့လျှောက်လာစဉ် အိမ်ဖြူတော်ခြံဝင်းတစ်နေရာတွင် တစ်စုံတစ်ယောက်က "သမ္မတ အရူး" ဟု အဓိပ္ပာယ်ရသောစာကို နှင်းများပေါ်တွင် ကျင်ငယ်ရေစွန့် ရေးခဲ့သည်ကို တွေ့ရသည်။

သမ္မတကြီးလည်း ဒေါသထွက်ပြီး လျှို့ဝှက်ထောက်လှမ်းရေးကိုခေါ်၍ မည်သူ၏စနက်ဖြစ်သည်ကို စုံစမ်းခိုင်းသည်။ နာရီအနည်းငယ်ကြာသောအခါ ထောက်လှမ်းရေးအဖွဲ့မှလူများ သမ္မတထံရောက်ရှိလာပြီး သတင်းဆိုးတစ်ခုနှင့် ပို၍ဆိုးသော သတင်းအချို့ကို ပြောရန်ရှိသည်ဟု ဆိုလာသည်။ ထောက်လှမ်းရေးမှ စကားစပြောသည်။

"သတင်းဆိုးကတော့ ကျင်ငယ်ရေဟာ ဒုတိယသမ္မတရဲ့ ကျင်ငယ်ရေဖြစ်ပါတယ်"

"အို သူက ကျုပ်ကို ဒီလိုလုပ်ရက်သလား။ ဒါဆို ပိုဆိုးတဲ့ သတင်းကရော"

"ဟုတ်ကဲ့ လက်ရေးက သမ္မတကတော်ရဲ့ လက်ရေး ဖြစ်နေတယ် ခင်ဗျ"

## အစက မသိလို့

ကောင်လေး ။ ။ ကိုယ့်ကို လက်ထပ်ပါလားကွယ်။

ကောင်မလေး။ ။ ရှင့်မှာ အိမ်ရှိလား။

ကောင်လေး ။ ။ ဟင့်အင်း။

ကောင်မလေး။ ။ ရှင့်မှာ BMW ကားရောရှိလား။

ကောင်လေး ။ ။ ဟင့်အင်း။

ကောင်မလေး။ ။ ရှင့်လခရော ဘယ်လောက်ရသလဲ။

ကောင်လေး ။ ။ ကိုယ့်မှာ လစာဝင်ငွေတွေ ဘာတွေ မရှိပါဘူး။ ဒါပေမဲ့ . . .

ကောင်မလေး။ ။ ဒါပေမဲ့တွေ ဘာတွေလုပ်မနေနဲ့။ စောစောက ကျွန်မပြောခဲ့တာတွေ အားလုံးရှင့်မှာ မရှိဘူးဆိုရင်တော့ ရှင့်ကို ကျွန်မလက်မထပ်နိုင်ပါ

ဘူး။ ဒါကြောင့် ရှင်အခုထွက်သွား
ပါတော့။

ကောင်လေး (ဖြည်းလေးစွာ ထွက်သွားပြီး သူ့ကိုယ်သူပြော
လိုက်သည်။)

ကိုယ့်မှာ ခြံဝင်းကျယ်ကြီး ၃ ခုနဲ့ အပန်းဖြေအိမ်ကြီး
တစ်လုံးရှိမှတော့ အိမ်သေးသေးတစ်လုံးရှိစရာမလိုပါဘူး။
Ferrari ကားတစ်စီးနဲ့ Porsches ကား သုံးစီးရှိမှတော့
BMW ကားလည်းမလိုတော့ပါဘူး။ ကိုယ့်အလုပ်မှာ
ကိုယ်က အလုပ်ရှင်ဆိုမှတော့ ဘယ်လိုလုပ် လစာရမှာလဲ။

(ကောင်မလေးက ကောင်လေးနောက်မှ တကောက်
ကောက်လိုက်ပြီး တောင်းပန်လေသည်။)

## လူလည်မကျနဲ့

လေယာဉ်တစ်စီးပေါ်တွင် လူမည်းတစ်ယောက်နှင့် လူဖြူတစ်ယောက် ဘေးချင်းယှဉ်လျက် ထိုင်မိကြသည်။ လူမည်းအမျိုးသား၌ ငှက်ပျောသီး တစ်ခိုင်ပါလာသည်။ လူဖြူအမျိုးသားတွင်မူ မျောက်တစ်ကောင် ပါလာသည်။ အတန်ကြာလျှင် လူမည်းအမျိုးသားက အိမ်သာသွားလိုသဖြင့် လူဖြူအမျိုးသားဘက်သို့ လှည့်၍ ပြောလိုက်သည်။

"ကျွန်တော်သွားနေတုန်း ကျွန်တော့်ငှက်ပျောသီးတွေကို တစ်ဆိတ်လောက် ကြည့်ပေးထားပါလားဗျာ"

လူမည်းအမျိုးသား အိမ်သာမှ ပြန်လာသောအခါ သူ ၏ငှက်ပျောသီးများမရှိတော့သည်ကို တွေ့ရသည်။ လူဖြူ အမျိုးသားက သူ့ကိုပြောလိုက်သည်။

"ဟောဒီက ခင်ဗျားညီက ငှက်ပျောသီးတွေ အားလုံး

ကို စားပစ်လိုက်ပြီ"

လူမည်းအမျိုးသားလည်း ဘာမှမပြောဘဲ ထိုင်နေလိုက်သည်။ ခဏကြာလျှင် လူဖြူအမျိုးသားက အိမ်သာသွားချင်လာသဖြင့် သူ၏မျောက်ကို လူမည်းအမျိုးသားထံ အပ်ထားခဲ့သည်။ သူအိမ်သာမှ ပြန်လာသောအခါ သူ၏မျောက်မှာ သေနေသည်ကို တွေ့ရှိရသည်။ သူက လူမည်းအမျိုးသားကို အကျိုးအကြောင်းမေးလိုက်ရာ ကိုလူမည်းပြန်ဖြေလိုက်ပုံမှာ "ဒါ ကျုပ်တို့ မိသားစုကိစ္စပါ၊ ခင်ဗျား ဝင်မပါပါနဲ့" ဟူ၍ ဖြစ်ပါသတည်း။

## မြင်မြင်ကရာ ကိုယ့်လူနာ

စိတ်ရောဂါကု ဆရာဝန်တစ်ယောက်သည် သူ၏ ဆေးခန်းထဲ၌ တစ်ကိုယ်တည်း ထိုင်နေချိန်ဖြစ်သည်။ သူနာပြုဆရာမပင်လျှင် ခေတ္တအနားယူချိန်ဖြစ်သောကြောင့် အပြင်သို့ထွက်သွားသည်။ ဆေးခန်းထဲတွင် ဆရာဝန်တစ်ယောက်တည်းသာ ကျန်ခဲ့သည်။ ယင်းအချိန်ခဏတွင် ဆရာဝန်သည် အခါများစွာနှင့်မတူအောင် ပျင်းရိငြီးငွေ့နေမိသည်။ ခဏအကြာတွင် သူ၏အခန်းတံခါးပွင့်သွားပြီး ပါးစပ်တွင် ဝိုင်ယာကြိုးများကို ကိုက်ထားသော လူတစ်ယောက်သည် ဆရာဝန်အနောက်သို့ လေးဖက်ထောက်၍ အခန်းတွင်း သို့ဝင်လာခဲ့သည်။ ထိုသူမှာ ပါးစပ်တွင် ဝိုင်ယာကြိုးများ ကိုက်လျက် တစ်စုံတစ်ခုကို ပြောရန်ကြိုးစားသော်လည်း အသံဗလုံးဗထွေးကြောင့် ဆရာဝန်က နားမလည်ဘဲဖြစ်နေသည်။

ဆရာဝန်က ထိုသူဘက်သို့လှည့်၍ ပြောလိုက်သည်။

ဆရာဝန်။ ။ အို . . . ဒါဘယ်သူလဲ။ လျှောတိုက်သွား
တတ်တဲ့ မြွေကလေးလား။ ဒီကိုလာပါဦး။
မင်းကို ဆရာကူညီပါ့မယ်။

ထိုသူက လေးဖက်ထောက်လျက်ကပင် ပါးစပ်က
လည်း ဘာမှန်းမသိသည့် အသံကိုပြုကာ သူ၏ခေါင်းကို
ခါပြသည်။

ဆရာဝန်။ ။ ဩော် . . . ဒါဆို မင်းက တွတ်တီးတွတ်
တာ စကားပြောဖို့ရောက်လာတဲ့ လိပ်က
လေးပဲဖြစ်ရမယ်။

ထိုသူက ပို၍ကျယ်ကျယ်လောင်လောင် အသံပြုပြီး
ခေါင်းကိုယမ်းခါပစ်လိုက်သည်။

ဆရာဝန်။ ။ ဒါဆို ဘယ်သူလဲ။ ဆရာနဲ့ စကားပြော
ချင်နေတဲ့ ပိုးကောင်လေးလား။ ဒါမှ
မဟုတ် . . .

လေးဖက်ထောက်နေသူက စိတ်ဆိုးမာန်ဆိုးဖြင့် ပါး
စပ်တွင် ကိုက်ထားသော ကေဘယ်ကြိုးများကို ထွေးထုတ်
လိုက်ပြီး ပြောလိုက်သည်။

"ဒီမှာ ကျုပ်အရူးမဟုတ်ဘူးဗျ။ ခင်ဗျားကွန်ပျူတာ
မှာ အင်တာနက်လာဆင်ပေးတဲ့လူ၊ သိပြီးလား"

## ဦးတိကျ

ကုမ္ပဏီတစ်ခုတွင် လုပ်ငန်းတိုးတက်လာစေရေးအတွက် ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်နေချိန်ဖြစ်သည်။ ထို့ကြောင့် ကုမ္ပဏီအတွက် CEO အသစ်တစ်ယောက်ခန့်ထားလိုက်သည်။ ၎င်း CEO က ကုမ္ပဏီ၏ စည်းမျဉ်းစည်းကမ်းများကို အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရန် ဆုံးဖြတ်ထားပြီး အလုပ်ကြိုးစားသူများနှင့် မကြိုးစားသူများအတွက် ဆုပေး၊ ဒဏ်ပေးစနစ်ကိုပါ အသုံးပြုရန် စီစဉ်ထားသည်။

တစ်ရက်တွင် ကုမ္ပဏီထဲ၌ သူလှည့်လည်စစ်ဆေးနေစဉ် မည်သည့်အလုပ်မှမလုပ်ဘဲ နံရံကိုမှီ၍ မတ်တတ်ရပ်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။ သူ၏အပြောနှင့် အလုပ်ညီကြောင်းကို အခြားအလုပ်သမားများ သိအောင် သက်သေပြရမည်ဟု တွေးကာ ထိုသူထံ

သို့လျှောက်သွားလိုက်သည်။

CEO ။ ၊ ။ မင်း လခက ဘယ်လောက်လဲ။

မတ်တတ်ရပ်နေသောလူ။ ။ တစ်ပတ်မှာ ဒေါ်လာ ၂၅၀ ရပါတယ်။ ဘာဖြစ်လို့လဲ။

CEO ။ ။ အေး ဒီမှာရော ဒေါ်လာ ၁၀၀၀ ယူသွား။ နောက်ဘယ်တော့မှ ပြန်မလာခဲ့နဲ့။

ထိုသူက ပိုက်ဆံယူပြီး ခပ်သုတ်သုတ်ထွက်သွားသည်။ CEO က တိတ်ဆိတ်နေသော ရုံးခန်းထဲတွင် ကျယ်လောင်သောအသံဖြင့် မေးလိုက်သည်။

CEO ။ ။ "ဘယ်လိုလူလဲကွဟင်။ ငါ့ရုံးခန်းထဲလာပြီး ဘာအလုပ်မှ မလုပ်ဘဲနေရအောင် သူကဘာလဲ"

အလုပ်သမားတစ်ယောက်က ပြန်ဖြေလိုက်သည်။

"သူက ပီဇာလာပို့တဲ့လူပါ ဆရာ"

☺ CEO = chief excutive officer

☻☻

## ဉာဏ်ပြေးသူ

သက်လတ်တမ်း လင်မယားတစ်စုံသည် ကွာရှင်းပြတ်စဲကြပြီးသည့်နောက် ရုံးတော်တွင် ကလေးအုပ်ထိန်းခွင့်အတွက် တရားဆိုင်နေကြသည်။ အမျိုးသမီးက သူမဖက်မှ လျှောက်ထားစရာရှိသည်များကို အစွမ်းကုန်လျှောက်ထားသွားသည်။ တရားသူကြီး၏ ရင်ကိုထိမှန်စေမည့် နာမည်ကြီး လျှောက်လဲချက်ဖြစ်သည့် "ကျွန်မဟာ သူကို ဒီကမ္ဘာလောကထဲ ဆောင်ကြဉ်းလာသူပါ။ သူဟာ ကျွန်မ ခန္ဓာကိုယ်ထဲမှာ ကြီးပြင်းလာပြီး ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ကတည်းက....."စသဖြင့် လျှောက်တင်သွားသည်။

သို့သော် အမျိုးသားကလည်း လက်မလျှော့ပေ။ တရားသူကြီးက သူ့အား ကိုယ်တိုင်လျှောက်ထားစရာရှိပါက လျှောက်ထားရန် ပြောသည်။ ခဏကြာစဉ်းစားနေပြီးမှ

သူက တရားသူကြီးကို မေးလိုက်သည်။

"တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော်ဟာ အအေး ဘူး ရောင်းတဲ့စက်တစ်ခုမှာ ပိုက်ဆံထည့်လိုက်လို့ အဲဒီစက်ထဲကနေ ကိုလာ (Cola) တစ်ဘူးထွက် လာမယ်ဆိုပါစို့။ အဲဒီကိုလာဘူးရဲ့ ပိုင်ရှင်ဟာ ကျွန် တော်ဖြစ်မလား၊ စက်ပဲဖြစ်မလား ခင်ဗျား"

## ကြောက်သွားပြီ

ယာဉ်ထိန်းရဲ့သားတစ်ယောက်က ရွှေရောင်ဆံပင်နှင့် အမျိုးသမီးတစ်ဦး၏ကားကို တားလိုက်သည်။

"ခင်ဗျားရဲ့ ယာဉ်မောင်းလိုင်စင်လေး ကြည့်ပါရစေ ဗျာ"

"ယာဉ်မောင်းလိုင်စင် ဟုတ်လား၊ အဲဒါ ဘာကိုပြော တာလဲ"

"ခင်ဗျားရဲ့ ရုပ်ပုံပါတဲ့ အသေးစားကတ်လေးတစ် ကတ်ကို ပြောတာပါ"

"သြော် . . . ဒါလား၊ ဒီမှာပါရှင် ဒီမှာပါ"

"ခင်ဗျားရဲ့ကား အာမခံလေးပါပြပါ"

"အဲဒါကရော ဘာလဲ"

"အဲဒါက ခင်ဗျားကို ကားမောင်းခွင့်ပြုတယ်ဆိုတဲ့ စာရွက်စာတမ်းလေးပါ"

"အို . . . ဟုတ်ကဲ့ ဟုတ်ကဲ့၊ ဒီမှာပါ"

ထို့နောက်ရဲသားက သူ၏ဘောင်းဘီဇစ်ကို ဖြုတ်လိုက်သည်။ ရွှေရောင်ဆံပင်နှင့် အမျိုးသမီးက အလန့်တကြားပြောလိုက်သည်။

"အို မလုပ်ပါနဲ့တော့ရှင်။ ဒီတစ်ခါ အာမှုတ်လေတိုင်းကိရိယာနဲ့ ထပ်မတိုင်းပါရစေနဲ့တော့"

☺ **breatha lyger** = သေရည်သောက်စားမှုကိုအာမှုတ်လေဖြင့် တိုင်းသည့်ကိရိယာ

## ဝေဿန္တရာ

ဒီကနေ့ လူတစ်ယောက် ကျွန်တော်၏ အိမ်တံခါးဝသို့လာ၍ ကျွန်တော်တို့ မြို့ရှိရေကူးကန်အတွက် လှူဒါန်းရန် တောင်းဆိုလာသည်။ ကျွန်တော်က သူကို ရေတစ်ခွက် ပေးလိုက်သည်။

# သရုပ်ဆောင်ကောင်းသူ

လင်မယားနှစ်ယောက်သည် ပါတီပွဲတစ်ခုတွင် သူငယ်ချင်းများနှင့် စကားလက်ဆုံကျနေစဉ် အိမ်ထောင်ရေး အတိုင်ပင်ခံ တွေ့ဆုံခြင်းနှင့် ပတ်သက်သော အကြောင်းအရာသို့ စကားစရောက်သွားသည်။ ဇနီးဖြစ်သူက ပြောလိုက်သည်။

"အမယ်လေး ကျွန်မတို့တော့ ဒါတွေမလိုပါဘူး။ ကျွန်မ ယောကျ်ားက ကောလိပ်မှာတုန်းက ကူးလူးဆက်ဆံရေးဘာသာရပ် အဓိက၊ ကျွန်မက ဇာတ်သဘင်ပညာ အဓိက ယူခဲ့သောရှင့်။ သူက ဆက်ဆံရေး အရမ်းကောင်းမွန်ပြီး ကျွန်မကတော့ သူပြောသမျှ နားထောင်နေသလိုမျိုး သရုပ်ဆောင်တတ်တယ်လေ"

## ကဲ…မှတ်ပြီလား

ဂျော့တွင် ကလေး ၆ ယောက်ရှိပြီး ၎င်းကသူ့အား များစွာ ဂုဏ်ယူမှုဖြစ်စေသည်။ သူ၏စွမ်းဆောင်နိုင်မှုကို ဂုဏ် ယူစွာနှင့် ဇနီးဖြစ်သူ အယ်နီတာကို သူမ မကြိုက် သည့်ကြားမှ "ကလေး ၆ ယောက်အမေကြီး" ဟု တစ်သက်လုံး ခေါ်ခဲ့သည်။

နှစ်ဦးစလုံး အိုမင်းရင့်ရော်လာကြသောအချိန် တစ်ည နေတွင် ပါတီပွဲတစ်ခုသို့ လင်မယားနှစ်ယောက်အတူသွား ကြသည်။ ညနက်လာလျှင် ဂျော့က အိမ်ပြန်ရန်အချိန်သင့် ပြီဟု စဉ်းစားကာ အယ်နီကာအား မေးလိုက်သည်။ ဂျော့ က အသံကျယ်လောင်စွာဖြင့်......

"ကျုပ်တို့ အိမ်ပြန်ကြမလား၊ ကလေး ၆ ယောက် အမေကြီးရေ"

နှစ်ပေါင်းများစွာကြာအောင် ဂျော့၏ကျယ်လောင်

ကျယ်လောင်၊ ဟောင်ဖွာဟောင်ဖွာအကျင့်ကို သည်းညည်းခံခဲ့ရသော အယ်နီတာမှာ များစွာစိတ်အနှောင့်အယှက်ဖြစ်ပြီး ပြန်အော်ပြောလိုက်သည်။

"ကြိုက်တဲ့အချိန်သာကြွ၊ ကလေး ၄ ယောက်အဖေကြီးရေ"

## အခုတော့ သိပြီ

အက်ဒီအလုပ်မှပြန်လာသောအခါ သူ၏ကလေးသုံး ယောက်ကို အိမ်ရှေ့ပန်းခြံတွင်းတွင် ရွှံ့များလူးလျက်ဆော့ ကစားနေသည်ကို တွေ့ရှိရသည်။ သူတို့၏ ညဝတ်အင်္ကျီ များကိုပင် မချွတ်ရသေးပေ။

သူ၏ဇနီး ဗယ်လာရီ၏ ကားတံခါးမှာ ပွင့်နေပြီး အိမ် ရှေ့တံခါးမှာလည်း ဟောင်းလောင်းပွင့်နေသည်။ အိမ်တွင် မွေးထားသည့် ခွေး၏ အရိပ်အယောင်ကိုပင် မတွေ့ရချေ။ ဧည့်ခန်းထဲသို့ရောက်သောအခါ ပို၍ ရှုပ်ထွေးပွရှုနေသည် ကို တွေ့လိုက်ရသည်။ စာကြည့်မီးတိုင်သည် အောက်သို့ လဲကျနေသည်။ ကော်ဇောတစ်ခုလုံးကို တွန့်လိမ်ခေါက် ကွေး၍ နံရံအနီးတွင် စုပုံထားသည်။ အရှေ့ခန်းတွင်း၌ ကာ တွန်းလိုင်းတစ်လိုင်းကို ကျယ်လောင်စွာဖွင့်ထားသော တီဗွီ အားတွေ့ရသည်။ နားနေခန်းထဲတွင် ကစားစရာအရုပ်မျိုး

စုံနှင့် ချွတ်ထားသော အဝတ်အစားများမှာ နေရာအနှံ့ ပြန့်ကျဲရှုပ်ထွေးနေသည်။

မီးဖိုထဲရှိ ဘေစင်၌ ပန်းကန်များက အစုလိုက်အပုံလိုက်၊ နံနက်စာတွေက စားပွဲပေါ်မှာ မွစာတက်နေသည်။ ရေခဲသေတ္တာတံခါးမှာ ဖွင့်လျက်သား။ ခွေးစာများက ကြမ်းပေါ်တွင် ဖြန့်ကျဲထားသည့်အလား တွေ့ရသည်။ ဖန်ခွက်အကွဲတစ်ခုက စားပွဲအောက်မှာ အနောက်ဘက်တံခါးအနီးတွင်မတော့ သံများကို ဖြန့်၍ဆော့ထားသော အပုံတစ်ပုံတွေ့ရသည်။

အက်ဒီက လှေကားမှ အိမ်ပေါ်သို့ အပြေးအလွှားတက်သည်။ လှေကားပေါ်တွင် အရုပ်တချို့မှာ အဝတ်ဟောင်းများကိုပါ နင်းမိသည်။ သူက ဇယ်လာရီကို လိုက်ရှာသည်။ သူမများ ချော်ပြုလဲလို့လား၊ နေမကောင်း၍လား၊ တစ်ခုခုဆိုးဆိုးရွားရွားဖြစ်မှာကို သူစိုးရိမ်နေမိသည်။

ရေချိုးခန်းတံခါးဝတွင် အထဲမှ ယိုစိမ့်ထွက်လာသော ရေများကို သူတွေ့လိုက်ရသည်။ သူက ဟနေသောတံခါးကြားမှ အထဲသို့ ချောင်းကြည့်လိုက်ရာ ရေစိုနေသော မွေးပွတဘက်များ၊ ဆပ်ပြာတုံးတစ်တုံးနှင့် အရုပ်များကို ကြမ်းပေါ်တွင် ပြန့်ကျဲလျက်တွေ့ရသည်။ အိမ်သာသုံးစက္ကူများကို အရှည်လိုက်အပုံလိုက် ဆွဲထုတ်ထားပြီး သွားတိုက်ဆေးများကို ညှစ်ထုတ်၍ ကြည့်မှန်တွင် ပွတ်သုတ်ထား

သည်။

အက်ဒီက အိပ်ခန်းထဲသို့ အမြန်ပြေးဝင်လိုက်သည်။ ဗယ်လာရီသည် အိပ်ရာပေါ်တွင် လှဲ၍ညဝတ်အင်္ကျီကိုပင် မချွတ်ရသေးဘဲ ဝတ္ထုတစ်အုပ်ကို ဖတ်နေသည်။ သူမက သူ့ကို ပြုံးပြလိုက်သည်။

အက်ဒီက ဗယ်လာရီကိုကြည့်၍ သိချင်စိတ်နှင့် မေးလိုက်သည်။

"ဒီနေ့အိမ်မှာ ဘယ်လိုဖြစ်တာလဲ"

ဗယ်လာရီက ပြုံးလိုက်ပြီး အဖြေပြန်ပေးသည်။

"ရှင် နေ့တိုင်းနေ့တိုင်း အလုပ်ကနေ အိမ်ပြန်လာရင် မင်းတစ်နေကုန် အိမ်မှာနေပြီး ဘာလုပ်နေလဲလို့ ငေါ်တော့တော့လေနဲ့ အမြဲမေးတယ်လေ"

အက်ဒီက လေသံပျော့ပျော့ဖြင့် ပြန်ဖြေသည်။

"အေး"

"အခု ကျွန်မဘာမှလုပ်မထားဘူးဆိုတာ ရှင့်ကို ပြတာ"

## အိမ်နီးချင်းကောင်း

ဒေးဗစ်နှင့် အမ်မာတို့မှာ ပင်စင်စားဇနီးမောင်နှံများဖြစ်ကြပြီး ပြင်သစ်ပြည်ရှိ နာမည်ကျော်ရဲတိုက်တစ်ခုအနားတွင် ဖွင့်လှစ်ထားသော တည်းခိုခန်းတစ်ခုတွင် အလည်အပတ်သွားရင်း တည်းခိုနေချိန်ဖြစ်သည်။ တစ်ညနေခင်း၌ လင်မယားနှစ်ယောက် ဘီယာဘားထဲတွင် ထိုင်နေစဉ် တည်းခိုခန်း၌ လက်တိုလက်တောင်း အလုပ်လုပ်သော အီယန်ဆိုသူနှင့် သိကျွမ်းရင်းနှီးသွားကြသည်။

အတူတကွ ပျော်ပျော်ပါးပါး သောက်စားကြရင်းမှ အီယန်က သူတို့ဇနီးမောင်နှံကို ပြောလိုက်သည်။

"ကျွန်တော့် အိမ်နီးချင်းတစ်ယောက်ဆီမှာ အပန်းဖြေအိမ်လေးတစ်လုံးရောင်းဖို့ရှိတယ်ဗျ။ ရွာရဲ့အစွန်မှာရှိပြီး ရှုခင်းလည်း အလွန်သာယာတယ်။ တကယ်လို့ ခင်ဗျားတို့စိတ်ဝင်စားရင် ကျွန်တော်လိုက်ပြနိုင်ပါတယ်"

နောက်တစ်နေ့တွင် ဒေးဗစ်နှင့် အမ်မာတို့နှစ်ဦးသား အပန်းဖြေအိမ်လေးကို လိုက်ကြည့်ကြသည်။ အမြင်အားဖြင့် အနည်းငယ်အိုမင်းနေသော်လည်း နေရာအကွက်အကွင်းကို သဘောကျသွားသော ဇနီးမောင်နှံက အိမ်ကို ချက်ချင်းငွေချေ၍ ဝယ်လိုက်ကြသည်။

တစ်ပတ်ခန့်အကြာတွင် ဇနီးမောင်နှံနှစ်ဦးသည် အပန်းဖြေအိမ်အသစ်သို့ ပြောင်းရွှေ့လာကြသည်။ အီယန်က ၎င်းတို့၏ အခြေအနေ အဆင်ပြေမပြေလာကြည့်သည်။

"ခင်ဗျားတို့ တကယ်တန်တဲ့ အိမ်ကိုရလိုက်တာပဲ။ ဒါပေမဲ့ ပြင်စရာတွေတော့ နည်းနည်းရှိတယ်။ အမိုးတွေက မိုးယိုနေတယ်။ ရေပိုက်ကလည်း ရေမလာဘူး။ ပြီးတော့ လျှပ်စစ်မီးလည်း ပြန်သွယ်ဖို့လိုလိမ့်မယ်"

ဒေးဗစ်၏မျက်နှာမှာ သုန်မှုန်သွားပြီး အီယန်ကို ဒေါသတကြီး မေးလိုက်သည်။-

"ကျုပ်တို့ ဒီအိမ်စုတ်ကို မဝယ်ခင်က ဘာကြောင့် ခင်ဗျားကြိုမပြောထားရတာလဲ"

"အဲဒီတုန်းက ကျွန်တော်တို့ချင်း အိမ်နီးချင်းမဖြစ်ကြသေးဘူးလေဗျာ"

## ပြန်လာမှာကြောက်တယ်

လူတစ်ယောက် သူ၏ဇနီးနှင့် ယောက္ခမတို့သည် ဘုရားသခင်၏ မြင့်မြတ်သောကုန်းမြေသို့ သွားရောက်လည်ပတ်ကြသည်။ ယင်းအချိန်မှာပင် ယောက္ခမဖြစ်သူ ရုတ်တရက် ကွယ်လွန်သွားသည်။

သုဘရာဇာက ၎င်းတို့ကိုပြောသည်။

"သူ့ကို ဒီကနေပြီး သင်တို့ရဲ့အိမ်ရှိရာနိုင်ငံကို ပြန်သယ်ဖို့ဆိုရင် ပေါင် ၅၀၀၀ လောက်ကျမယ်။ ဒီမြင့်မြတ်သော ကုန်းမြေမှာပဲ သင်္ဂြိုဟ်မယ်ဆိုရင်တော့ ပေါင် ၁၅၀ ပဲကျပါလိမ့်မယ်"

သမက်ဖြစ်သူက ခေတ္တစဉ်းစားဟန်ပြုပြီးမှ အိမ်ကိုပဲ ပြန်သယ်သွားလိုပါသည်ဟု သုဘရာဇာကို ပြောလိုက်သည်။

သုဘရာဇာက အံ့အားသင့်စွာပြောလိုက်သည်။

"ခင်ဗျားယောက္ခမကို ပြန်သယ်ဖို့ ပေါင် ၅၀၀၀ ဘာလို့အကုန်ခံနေမှာလဲ။ ဒီလိုထူးကဲမွန်မြတ်လှတဲ့ ဘုရားသခင်ရဲ့နယ်မြေမှာ ပေါင် ၁၅၀ ပဲအကုန်ခံပြီး မြှုပ်နှံထားခဲ့တော့မှာပေါ့"

ထိုသူက ပြန်ဖြေသည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀က လူတစ်ယောက် ဒီမှာ သေဆုံးသွားတော့ သူ့ရဲ့ခန္ဓာကိုယ်ကို ဒီမြေကြီးမှာ မြှုပ်နှံခဲ့တယ်။ သုံးရက်မြောက်နေ့မှာ သူဟာ သေခြင်းမှ ရှင်ပြန်ထမြောက်လာတယ်။ ကျွန်တော့် ယောက္ခမကိုတော့ အဲဒီအခွင့်အရေးမပေးနိုင်ဘူး"

## စံချိန်တင်သူ

အဘိုးကြီးသုံးယောက် ၎င်းတို့တွေ့ကြုံခံစားနေရသော ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများနှင့် နာကျင်မှုဝေဒနာများအကြောင်းကို ပြောနေကြသည်။

အသက် ၇၀ အရွယ် အဘိုးအိုက စပြောသည်။

"ကျုပ်က နေ့တိုင်း မနက် ၇ နာရီမှာ အိပ်ရာကထတယ်။ ပြဿနာက အိပ်ရာထပြီး မိနစ် ၂၀ လောက်ကြာအောင် ရှူးရှူးပေါက်ဖို့ အချိန်ယူရတယ်"

အသက် ၈၀ အရွယ်အဘိုးအိုက ဆက်ပြောသည်။

"ကျုပ်အဖြစ်က ပိုဆိုးတယ်ဗျ။ ကျုပ်က ၈ နာရီမှာ အိပ်ရာကထတယ်။ အိပ်ရာက ထပြီး နာရီဝက်လောက်ကြာတဲ့အထိ အစင်းကြီးစွန့်ဖို့အတွက် အော်ဟစ်ညည်းတွားနေရတတ်တယ်"

အသက် ၉၀ အရွယ်ရှိ နောက်ဆုံးအဘိုးအိုက ပြောလိုက်သည်။

"ကျုပ်ကတော့ မနက် ၇ နာရီမှာ မြင်းတစ်ကောင်လို အပေါ့စွန့်တယ်။ မနက် ၈ နာရီမှာတော့ နွားမတစ်ကောင်လို ချေးပါတယ်"

ကျန်အဘိုးအိုနှစ်ယောက်က မေးလိုက်သည်။

"ဒါဆိုခင်ဗျားရဲ့ ပြဿနာက ဘာလဲ"

"မနက် ၉ နာရီအထိ ကျုပ်အိပ်ရာက မနိုးဘူးဗျို့"

## မှားပါတယ်

ရွှေရောင်ဆံပင်နှင့် အမျိုးသမီးတစ်ယောက် နားနစ်ဖက်တွင် မီးလောင်သော ဒဏ်ရာများနှင့် ဆရာဝန်ထံသို့ ရောက်လာသည်။ ဆရာဝန်က သူမကို မေးလိုက်သည်။

"ခင်ဗျားနားက ဘယ်လိုဖြစ်တာလဲ"

အမျိုးသမီးက ပြန်ဖြေသည်။

"ကျွန်မ မီးပူတိုက်နေတုန်း ဖုန်းမြည်လာတယ်ရှင့်။ အဲဒါ ဖုန်းခွက်ကို ကောက်ကိုင်ရမယ့်အစား မီးပူကို ကောက်ပြီး ကျွန်မနားမှာ ကပ်လိုက်မိတယ်"

ဆရာဝန်က မကျေနပ်နိုင်သေးဘဲ ဆက်မေးလိုက်သည်။

"ဟုတ်ပါပြီ။ ဒါဆို ဟိုဘက်ကနားကရော ဘာဖြစ်တာလဲ"

"အဲဒီ ကောင်စုတ်က ဖုန်းထပ်ခေါ်တာကိုးရှင့်"

## သိပြီလား

ရွှေရောင်ဆံပင်နှင့်အမျိုးသမီးတစ်ယောက် အထူးလျှော့ဈေးဖြင့် ရောင်းချသော ဈေးဆိုင်တစ်ဆိုင်သို့ ရောက်သွားသည်။ သူမက အရောင်းစာရေးကို ထောင့်တစ်နေရာတွင်ချထားသော TV အား သူမဝယ်ယူလို့ ရမရ မေးလိုက်သည်။ အရောင်းစာရေးက သူမကိုကြည့်ပြီး သူ ရွှေရောင်ဆံပင်နှင့်မိန်းမများအတွက် ဝန်ဆောင်မှုမပေးကြောင်း ပြောလိုက်သည်။

ထို့ကြောင့် သူမက အိမ်သို့ပြန်သွားပြီး သူမ၏ဆံပင်ကိုအနက်ရောင်ဆိုးလိုက်သည်။

နောက်တစ်နေ့တွင် သူမက ထိုစတိုးဆိုင်သို့ ပြန်သွားပြီး မနေ့ကအတိုင်း စာရေးကိုမေးလိုက်သည်။ စာရေးကလည်း ရွှေရောင်ဆံပင်နှင့်မိန်းမများကို ၎င်းဝန်ဆောင်မှုမပေးနိုင်ကြောင်း ထပ်ပြောလိုက်သည်။

အမျိုးသမီးက စိတ်ပျက်လက်ပျက်ဖြင့် အိမ်ပြန်လာပြီး သူမ၏ဆံပင်ကို အနီရောင်ဆိုးလိုက်သည်။ ဤတစ်ကြိမ်တွင်တော့ စာရေးက သူမအား TV ကို ရောင်းကိုရောင်းရမည်ဟု သေချာပေါက်စဉ်းစားကာ ထိုဆိုင်သို့ထပ်သွားပြီး အခြားစာရေးမတစ်ယောက်အား မေးလိုက်သည်။ သို့သော် စာရေးမကလည်း သူမအနေဖြင့် ရွှေရောင်ဆံပင်နှင့်မိန်းမများအပေါ် ဝန်ဆောင်မှုမပေးနိုင်ကြောင်းပြောလိုက်သဖြင့် အမျိုးသမီးမှာ အလွန်အံ့အားသင့်သွားသည်။ အမျိုးသမီးက စာရေးမကို မေးလိုက်သည်။

"နေပါဦး၊ ကျွန်မက ရွှေရောင်ဆံပင်နဲ့ဆိုတာ ရှင်ဘယ်လိုလုပ်ပြီး သိလဲ"

စာရေးမက အမျိုးသမီးကို စိတ်ကုန်သလိုကြည့်ပြီး ပြောလိုက်သည်။

"အဲဒါ TV မဟုတ်ဘူးရှင့်၊ မိုက်ခရိုဝေ့ဖ် မီးဖို၊ သိပြီလား"

## ပန်ကာ မှတ်လို့

တစ်ခါက ရွှေရောင်ဆံပင်နှင့် အမျိုးသမီးတစ်ယောက်သည် လေယာဉ်မောင်းသင်ခန်းစာများကို လေ့ကျင့်ရန် လေဆိပ်သို့သွား၍ လေယာဉ်တစ်စင်းကို ငှားခဲ့သည်။ မန်နေဂျာက ငှားရန် လေယာဉ်မရှိသေးသဖြင့် ဟယ်လီကော်ပတာကို သုံးလိုကသုံးနိုင်ကြောင်း ပြောလိုက်သည်။ သို့နှင့် ရွှေရောင်ဆံပင်နှင့် အမျိုးသမီးသည် ဟယ်လီကော်ပတာအတွင်းသို့ဝင်၍ မောင်းနှင်ထွက်ခွာလာခဲ့သည်။ ခရီး ၁၀ မိုင်လျှင်တစ်ကြိမ် သူမက မန်နေဂျာနှင့် အဆက်အသွယ်ပြုလုပ်သည်။ ပထမ ၁၀ မိုင်အပြီးတွင် သူမက လေအရမ်းတိုက်နေသည်ဟု ပြောသည်။ မိုင် ၂၀ သို့ရောက်သောအခါ သူမက မန်နေဂျာကို ထိုမျှများပြားသော ခလုတ်များတစ်ကြိမ်တစ်ခါမှ မတွေ့ဖူးပါဟု ပြောလိုက်သည်။ သို့သော် မိုင် ၃၀ သို့ရောက်သောအခါ သူမထံမှ အဆက်အသွယ်မရ

တော့သဖြင့် မန်နေဂျာက သူမအား ကယ်ဆယ်ရန် နောက်ကလိုက်သွားသည်။ ရဟတ်ယာဉ်အပျက်နှင့်အတူရှိနေသော သူမကို တွေ့သောအခါ မန်နေဂျာက မည်သို့မည်ပုံပျက်ကျရကြောင်းကို မေးလိုက်သည်။ အမျိုးသမီးက ပြန်ဖြေလိုက်သည်။

"အရမ်းအေးလာတာနဲ့ ပန်ကာအကြီးကြီးကို ကျွန်မပိတ်လိုက်မိတယ်"

# မဟာလက်ကြီးရှင်

ရွှေရောင်ဆံပင်နှင့် အမျိုးသမီးတစ်ယောက် အပြင်မှ ဈေးဝယ်ပြီး အိမ်သို့ပြန်လာသောအခါ သူမ၏ အိမ်တွင် မီးလောင်နေသည်ကို တွေ့လိုက်ရသည်။ သူမက မီးသတ်ဌာနသို့ ဖုန်းဆက်ခေါ်သည်။

တယ်လီဖုန်း အော်ပရေတာက ပြန်မေးသည်။

"ဟုတ်ကဲ့ အရေးပေါ် ဘာဖြစ်သလဲဆိုတာ ပြောပြပေးပါ"

"ကယ်ကြပါဦး၊ ကျွန်မအိမ် မီးလောင်နေပြီ"

"ဟုတ်ပြီ၊ ခင်ဗျားက ဘယ်မှာနေတာလဲ"

"ဘယ်မှာနေရမလဲ၊ အိမ်ထဲမှာနေတာပေါ့ရှင့်၊ အိမ်ထဲမှာ ဘယ်လိုလူလဲမသိဘူး"

"မဟုတ်ဘူးလေ၊ မဟုတ်သေးဘူး။ ကျွန်တော်မေးတာက ကျွန်တော်တို့ အဲဒီကိုရောက်အောင် ဘယ်လို

လာရမှာလဲ"

"အနီရောင်ကားကြီးတွေနဲ့ လာပေါ့ရှင်၊ ဒါတောင် မသိဘူးလား"

## မယားဆိုး

လူစည်ကားသော အရက်ဆိုင်တစ်ဆိုင်အတွင်းသို့ စေတန်ဝင်လာသည်။ စက္ကန့်အနည်းငယ်အတွင်းမှာပင် ဆိုင် အတွင်းရှိ လူများအားလုံးကြောက်လန့်တကြား အော်ဟစ်ပြီး ထွက်ပြေးသွားကြသည်။ ဆိုင်၏ ထောင့်တစ်နေရာတွင် ထိုင်နေသော အဘိုးအိုတစ်ဦးသာ ကျန်ရစ်ခဲ့သည်။ စေတန်က အဘိုးအိုရှိရာသို့သွားပြီး မေးလိုက်သည်။

"ခင်ဗျား ကျုပ်ဘယ်သူဆိုတာကို မသိဘူးလား"

အဘိုးအိုက ဘီယာတစ်ကျိုက်ကို ကျိုက်လိုက်ပြီးမှ အဖြေပြန်ပေးသည်။

"အင်း . . .သိသားပဲ"

စေတန်က အဘိုးအိုကို စူးစိုက်ကြည့်ပြီး မေးလိုက်သည်။

"ဒါဆို ခင်ဗျား ကျုပ်ကို မကြောက်ဘူးလား"

အဘိုးအိုက စေတန်အား ထက်အောက်စုန်ချည်ဆန်ချည်ကြည့်လိုက်ပြီးမှ ပြောလိုက်သည်။

"ဒီမှာ မင်းသမီးကို ငါ လွှန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ ကတည်းက လက်ထပ်ခဲ့တာ။ မင်းကို ငါက ဘာလို့ ကြောက်ရမှာလဲ"

☺ စေတန် (Satan) - နတ်ဆိုး

## သေဟဲ့… နန္ဒိယ

လူတစ်ယောက် အရက်ဆိုင်တစ်ဆိုင်အတွင်းသို့ဝင်၍ သူ၏ ပထမဆုံးခွက်ကို သောက်မည်ဟန်ပြင်စဉ်မှာပင် ထွားကျိုင်းသန်မာသော လူကြီးတစ်ယောက်က သူ၏ ခွက်ကို ဆွဲလုပြီး အကုန်မော့သောက်ချလိုက်သည်။ ထိုအခါ ထိုလူသည် တရှုံ့ရှုံ့ငိုကြွေးလေသည်။ လူထွားကြီးက ပြောလိုက်သည်။

"ဟေ့လူ မငိုပါနဲ့ဗျာ။ ကျုပ်က ကျီစားတာပါ။ ခင်ဗျားကို ကျုပ်တစ်ခွက် ပြန်ဝယ်တိုက်ပါ့မယ်"

ငိုနေသော လူက ပြန်ဖြေသည်။

"ခင်ဗျား နားမလည်ပါဘူးဗျာ။ ဒီနေ့ဟာ ကျွန်တော့်ဘဝမှာ အဆိုးရွားဆုံးနေ့ပဲဗျ။ ပထမဆုံး အိပ်ရာထနောက်ကျလို့ ရုံးကိုရောက်တော့ သူဌေးက အလုပ်ဖြုတ်လိုက်တယ်။ ကားပါကင်ထိုးထားတဲ့ နေရာကို

ရောက်တော့ ကျွန်တော့်ကားကို ဘယ်သူခိုးသွားမှန်း မသိဘူး။ ကားက မရှိတော့ဘူး။ ဒါနဲ့ ကားငှားပြီး အိမ်ပြန်လာတော့ အိမ်ရှေ့ရောက်မှ ပိုက်ဆံအိတ်နဲ့ ခရက်ဒစ်ကတ်တွေကို ရုံးကစားပွဲပေါ်မှာ ကျန်ခဲ့တာ သတိရတယ်။ တက္ကစီဒရိုင်ဘာက ကျွန်တော့်ကို အယုံအကြည်မရှိဘဲ ကားပေါ်က ကန်ချလိုက်တယ်။ စိတ်ညစ်ညစ်နဲ့ အိပ်ထဲဝင်လာတုန်း ကျွန်တော့်မိန်းမကို အိပ်ရာထဲမှာ လင်ငယ်နဲ့ ပက်ပင်းမိတယ်။ အဲဒါနဲ့ ကျွန်တော်လည်း ဒီအရက်ဆိုင်ကိုလာပြီး စိတ်ဆင်းရဲစရာတွေအားလုံးကို အဆုံးသတ်လိုက်တော့မယ်လို့ စဉ်းစားနေတုန်းမှာပဲ ခင်ဗျားရောက်လာပြီး ကျွန်တော့်ရဲ့ အဆိပ်ခွက်ကို သောက်လိုက်တာပါပဲဗျာ"

## သူ့မှသား

နာမည်ကျော် ဂုဏ်သရေရှိ ခွဲစိတ်အထူးကုဆရာဝန်ကြီးတစ်ဦးသည် အလုပ်မှ အိမ်သို့ပြန်လာပြီးနောက် သက်သောင့်သက်သာ အနားယူနေသည်။

သူသည် ညနေခင်းသတင်းများအား ဖွင့်ကြည့်နေစဉ် ဖုန်းမြည်သံပေါ်လာသည်။ ဆရာဝန်ကြီးက ဖုန်းကိုကောက်ယူပြီး နားထောင်လိုက်သောအခါ အခြားတစ်ဖက်မှ သူ့မိတ်ဆွေတစ်ယောက်၏ အသံကို ကြားရသည်။ သူ့မိတ်ဆွေက ပြောသည်။

"ကျုပ်တို့ ပိုကာကစားဖို့ တစ်ယောက်လို့နေလို့ဗျို့"

"ငါအခုလာခဲ့မယ်" ဟု ဆရာဝန်ကြီးက တိုးတိုးပြန်ဖြေလိုက်သည်။ သူက အပေါ်အင်္ကျီကိုကောက်ဝတ်ပြီး သွားမည်ဟန်ပြင်စဉ် သူ၏ဇနီးက လှမ်းမေးသည်။

"လူနာက တော်တော်အရေးကြီးလို့လားရှင်"

ဆရာဝန်က သံမှန်ကလေးဖြင့် အဖြေပြန်ပေးသည်။

"အရေးကြီးတယ်ကွ။ ဟိုမှာ တခြားဆရာဝန် သုံးယောက်တောင် ရောက်နေကြပြီ"

## နယူတန်၏ မျိုးဆက်သစ်

ရူပဗေဒဆရာ ။ ။ အိုင်ဆက် နယူတန်ဟာ သစ်ပင်အောက်မှာ ထိုင်နေတုန်း ပန်းသီးတစ်လုံး သူ့ခေါင်းပေါ်ပြုတ်ကျတဲ့အခါမှာ ကမ္ဘာမြေကြီးရဲ့ ဆွဲငင်အားကို ရှာဖွေတွေ့ရှိခဲ့တယ်။ မထူးဆန်းဘူးလား တပည့်တို့။

ကျောင်းသား ။ ။ ထူးဆန်းပါတယ်ဆရာ။ သူသာ ကျွန်တော်တို့လို အတန်းထဲမှာ ထိုင်ပြီး စာအုပ်တွေဖတ်နေရမယ်ဆိုရင် ဘာကိုမှ သူရှာဖွေတွေ့ရှိခဲ့မှာ မဟုတ်ပါဘူး။

## မှတ်သားလောက်ပါတယ်

ဆန်းဒေးစကူး ဆရာမက သူမ၏ တပည့်ကလေးများအား လာမည့်တနင်္ဂနွေတွင် တပည့်တစ်ယောက်စီသည် ဘုရားသခင်ယေရှုနှင့် ပတ်သတ်သော အကြောင်းအရာ တစ်ခုစီပြောပြရမည်ဟု မှာလိုက်သည်။ ၎င်းတနင်္ဂနွေနေ့သို့အရောက်တွင် သူမက ကလေးတစ်ဦးချင်းစီအား သူတို့ ရှာဖွေလေ့လာခဲ့သည့် ယေရှု၏ အကြောင်းကို ပြန်မေးသည်။

ဆူဇီ ။ ။ သူ့ကို နွားစာခွက်ထဲမှာ မွေးပါတယ် ဆရာမ။

ဘော်ဘီ ။ ။ သူက ငွေကြေးအလွဲသုံးစားပြုသူတွေကို ကျောင်းတော်ကနှင်ထုတ်ပါတယ်။

ဌျန်နီလေး ။ ။ သူ့မှာ ပစ်ကပ်ကားအနီရောင်တစ်စီးရှိပြီး အဲဒါကို ဘယ်လိုမောင်းရမလဲဆို

တာ သူမသိပါဘူးဆရာမ။

ဆရာမ ။ ။ မင်းကို အဲဒါဘယ်သူသင်ပေးလိုက်တာလဲ ဂျွန်နီ။

ဂျွန်နီလေး ။ ။ ကျွန်တော့်ဖေဖေဆီကပါဆရာမ။ မနေ့က ဖေဖေနဲ့ ကျွန်တော် ဟိုင်းဝေးလမ်းပေါ်မှာ ကားမောင်းနေတုန်း အဲဒီ ပစ်ကပ်ကား အနီရောင်က ကျွန်တော်တို့ ကားရှေ့က ရုတ်တရက် ဝင်လာပါတယ်။ ဒါနဲ့ ဖေဖေက ကြုံးအော်လိုက်ပါတယ်။

ဆရာမ ။ ။ ဘယ်လိုအော်တာလဲ။

ဂျွန်နီလေး ။ ။ အလို ယေရှုဘုရားသခင်၊ ခင်ဗျားကားကို ဘယ်လိုမောင်းရမယ်ဆိုတာ သင်မထားဘူးလားတဲ့။

## တစ်မိနစ်စောင့်

လူတစ်ယောက်က ဘုရားသခင်နှင့် စကားပြောနေသည်။

အမျိုးသား ။ ။ ဘုရားသခင် နှစ်တစ်သန်းဆိုတာ ဘယ်လောက်ကြာပါသလဲ။

ဘုရားသခင် ။ ။ ငါ့အတွက်တော့ ၁ မိနစ်စာလောက်ပဲ။

အမျိုးသား ။ ။ ဘုရားသခင် ဒေါ်လာတစ်သန်းဆိုတာ ဘယ်လောက်ရှိပါသလဲ။

ဘုရားသခင် ။ ။ ငါ့အတွက်တော့ ပြားစေ့လောက်ပဲ တန်တယ်။

အမျိုးသား ။ ။ ဘုရားသခင် ကျွန်တော့်ကို ပြားစေ့တစ်စေ့လောက် ပေးသနားပါလား အရှင်။

ဘုရားသခင် ။ ။ အေးရမယ်။ တစ်မိနစ်စောင့်။

## ဒီဘက်မှာ လစ်တယ်

နေ့လယ်စာစားရန်အတွက် ကျောင်းသားများ သက်သာဆိုင်တွင် တန်းစီနေကြသည်။ စားပွဲခုံ၏ ထိပ်ဆုံးတွင် ပန်းသီးများကို ဇလုံကြီးတစ်လုံးနှင့်ထည့်ထားသည်။ ပန်းသီးဇလုံဘေးတွင် ကျောင်းအုပ်ဆရာမကြီးက စာရေးထားသည်။

"ဘုရားသခင်က ပန်းသီးတွေကို စောင့်ကြည့်နေတယ်။ တစ်လုံးသာ ယူစားပါ"

လူတန်းတစ်လျှောက်ဆက်လျှောက်လာလျှင် စားပွဲခုံ၏ အဆုံး၌ လင်ပန်းတစ်ချပ်တွင် ထည့်ထားသော ချောကလက်ကွတ်ကီးမုန့်ကြီးများကို တွေ့ရသည်။ ကျောင်းသားတစ်ယောက်က ၎င်းလင်ပန်းရှေ့ရှိ စာရွက်ပေါ်တွင် စာရေးထားသည်။

"ကြိုက်သလောက်ယူစား၊ ဘုရားသခင် ပန်းသီးတွေကို စောင့်ကြည့်နေတယ်"

## နားကြားကိရိယာ၏ကျေးဇူး

နားလေးနေသော အဘိုးအိုတစ်ယောက်သည် ဆရာဝန်ထံသို့သွား၍ စစ်ဆေးမှုခံယူရာ ဆရာဝန်က နားကြားကိရိယာတစ်ခု တပ်ပေးလိုက်သည်။ ၎င်းနားကြားကိရိယာ၏အစွမ်းဖြင့် အဘိုးအို၏နားများမှာ နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် ၁၀၀ ရာခိုင်နှုန်း ပီပြင်ကြည်လင်စွာ ကြားနိုင်လာသည်။

တစ်လခန့်ကြာလျှင် အဘိုးအိုသည် စစ်ဆေးခံရန် ဆရာဝန်ထံသို့ နောက်တစ်ကြိမ် ပြန်လာသည်။

"ဦးရဲ့ အကြားအာရုံကတော့ လုံးဝချို့ယွင်းချက်မရှိတော့ပါဘူး။ ဦးအခုလို ကောင်းကောင်းပြန်ပြီး နားကြားနိုင်တော့ ဦးရဲ့မိသားစုဝင်တွေလည်း ဝမ်းသာမှာပဲနော်"

ဆရာဝန်က ဤသို့ပြောလိုက်သောအခါ အဘိုးက

ပြန်ဖြေလိုက်ပုံမှာ.....

"အို ကျွန်တော့်မိသားစုကို မပြောရသေးပါဘူးဆရာ ရယ်။ ကျွန်တော်က ငြိမ်ငြိမ်လေးထိုင်နေပြီး သူတို့ ပြောသမျှ ဆိုသမျှတွေကို နားထောင်နေတာပါပဲ။ ဒါကြောင့် ကျွန်တော့်သေတမ်းစာကိုတောင် သုံးကြိမ် ပြောင်းရေးပြီးပါပြီ" ဟူ၍ ဖြစ်ပါသတည်း။

# အမေတူ သမီး

ကျွန်မသမီးလေး၏ကျောင်းရှိ မိဘဆရာအသင်းရုံး ခန်းကို ရောက်သွားတော့ ဆရာမက မျှော်လင့်မထားပုံမျိုး အံ့အားသင့်သွားသည်။ ထို့နောက် ကျွန်မအား သူမခေါ် ယူရသော အဓိကအကြောင်းရင်းဖြစ်သည့် သမီးကလေး၏ အတန်းတွင်း၌ စိတ်ဝင်စားမှုလျော့နည်းပုံ၊ တစ်ချက်တစ် ချက်တွင် ပြောမရဆိုမရဖြစ်ပုံတို့ကို အစမှအဆုံး ရှင်းပြနေ ပါသည်။

"ဥပမာဆိုပါတော့ လေ့ကျင့်ခန်းစာအုပ်ထဲမှာ ခိုင်းတဲ့ စာမျက်နှာကို မလုပ်ဘဲ မခိုင်းတဲ့စာမျက်နှာကို လုပ် တာမျိုး၊ ကိုယ့်စာရေးစားပွဲမှာ ကိုယ်မထိုင်ဘဲ သူများ စားပွဲမှာ ဝင်ထိုင်တာမျိုးတွေလည်း လုပ်တတ်ပါ တယ်ရှင်"

ကျွန်မကလည်း ဖုံးဖုံးဖိဖိပြန်ဖြေလိုက်သည်။

"ကျွန်မတော့ နားမလည်တော့ဘူးရှင်။ ဒီလိုအကျင့်တွေ သူ့ဘယ်ကနေများ ကူးစက်လာပါလိမ့်"

ဆရာမက ကျွန်မ၏ သမီးကလေးမှာ ထိုသို့ချို့ယွင်းချက် အနည်းငယ်ရှိသော်လည်း အတန်းထဲတွင် အခြားကလေးများနည်းတူ စာလိုက်နိုင်ကြောင်း၊ ချစ်စရာကောင်းကြောင်း စသဖြင့် အားပေးစကားပြောပါသည်။ ခတ္တမျှစကားပြတ်သွားကြပြီးမှ နောက်ဆုံးတွင် ဆရာမက ထပ်လောင်းပြောလိုက်ပုံမှာ "စကားမစပ် မစ္စစ်ဂျွန်ဆန် ကျွန်မတို့ တွေ့ဖို့ ချိန်းထားတာ မနက်ဖြန်ကျမှရှင့်" ဟူ၍ ဖြစ်ပါသတည်း။

# အကြံကောင်း

ဗိုလ်ကြီးက တပ်ကြပ်ကိုခေါ်၍ ပြောလိုက်သည်။

"တပ်ကြပ်ကြီး၊ တပ်သားဂျုံးရဲ့အမေ မနေ့က ဆုံးသွားတယ်လို့ ငါကြေးနန်းရထားတယ်၊ သူ့ကို အကျိုးအကြောင်းပြောပြပြီး ငါနဲ့တွေ့ဖို့ လွှတ်လိုက်"

တပ်ကြပ်ကြီးက သူ၏တပ်စုအား ခေါ်၍ တန်းစီစေသည်။ ထို့နောက် စကားစပြောသည်။

"နားထောင်ကြ ကိုယ့်လူတို့၊ ဂျွန်ဆင် မင်းက ဒီမနက်မီးဖိုချောင်မှာ ရိက္ခာဖြည့်ဖို့အတွက် သတင်းပို့ရမယ်။ စမစ်က စစ်ရုံးကိုသွား။ ကျန်တဲ့လူတွေက ယန္တရားဌာနမှာ ပြင်ဆင်ရေးတာဝန်ကျတယ်။ ဩော် ဒါနဲ့ စကားမစပ် ဂျုံး မင်းအမေသေသွားပြီ။ အဲဒါ ဗိုလ်ကြီးဆီ သတင်းပို့ပါ"

နောက်တစ်နေ့တွင် ဗိုလ်ကြီးက တပ်ကြပ်ကို သူ၏ရုံးခန်း၌ ခေါ်တွေ့သည်။

"ဟော့ တပ်ကြပ်ကြီး၊ ခင်ဗျား ဂျူးအမေရဲ့ နာရေးကို အကြောင်းကြားပုံက အတော်သင်းပါလားဗျ။ နောက်တစ်ခါဆိုရင်တော့ ဒီထက်ပိုပြီး လိမ်လိမ်မာမာ ပါးပါးနပ်နပ်ကလေး လုပ်ပါဗျာ"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

လအနည်းငယ်ကြာပြီးသောအခါ ဗိုလ်ကြီးက တပ်ကြပ်ကို သူရုံးခန်းသို့ လှမ်းခေါ်ပြန်သည်။

"တပ်ကြပ်ကြီးရေ အခုပဲ တပ်သား ဂရေဟာမ်ရဲ့ အမေ ဆုံးသွားတယ်လို့ ကြေးနန်းလာတယ်။ ခင်ဗျားပဲ သူ့ကိုသွားအကြောင်းကြားပြီး ကျုပ်ဆီ လွှတ်လိုက်ပါ။ ဒီတစ်ခါ ကျုပ်ပြောတာမမေ့နဲ့နော်"

တပ်ကြပ်ကြီးက သူ၏ တပ်သားများကို စုဝေးတန်းစီစေသည်။ ထို့နောက်မှ "ကိုယ့်လူတို့ နားထောင်ကြ။ မင်းတို့မှာ အမေသက်ရှိထင်ရှားရှိသေးတဲ့လူ ရှေ့ကိုခြေနှစ်လှမ်းတိုးပြီး ထွက်လာခဲ့ပါ"

"ဟိုးထား ဂရေဟာမ်၊ ဟိုးထား။ မင်း အဲဒီလောက်အလျင်စလို လုပ်စရာမလိုတော့ဘူး"

## အညံ့မခံဘူး

ဟောင်ကောင်တွင် စစ်မှုထမ်းတာဝန်ထမ်းဆောင်နေရသော စစ်သားတစ်ဦးထံ သူ၏ချစ်သူမိန်းကလေးထံမှ စာလာရာ စာတွင် ၎င်းတို့၏ စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းရန်နှင့် သူမပေးထားသော ဓာတ်ပုံများကို ပြန်ပို့ပေးရန် တောင်းဆိုရေးသားထားသဖြင့် စစ်သားကလေးမှာ များစွာ စိတ်ပျက်ဒေါပွလျက်ရှိသည်။

သူက သူ့ရဲဘော်ရဲဘက်များထံသွား၍ ၎င်းတို့ထံမှ မလိုချင်သော အမျိုးသမီးဓာတ်ပုံဟူသမျှကို တောင်းယူလိုက်ထုပ်ပိုးပြီး ယင်းအထုပ်နှင့်အတူ စာတစ်စောင်ရေး၍ မိန်းမကလေးထံပြန်ပို့ပေးလိုက်သည်။ စာတွင် ရေးထားသည်မှာ "ဒီဓာတ်ပုံတွေထဲက ဘယ်တစ်ယောက်ဟာ မင်းဆိုတာကို ကိုယ်မမှတ်မိနိုင်တဲ့အတွက် စိတ်မကောင်းပါဘူး။ ဒါကြောင့် ကိုယ့်ဓာတ်ပုံသာ ကိုယ်ရွေးယူပြီး ကျန်တဲ့

ပုံတွေ ပြန်ပို့ပေးလိုက်ပါ" ဟူ၍ ဖြစ်လေသတည်း။

## ရီပတ်ဘလီကန်နှင့် ဒီမိုကရက်

ရီပတ်ဘလီကန်တစ်ယောက်နှင့် ဒီမိုကရက်တစ်ယောက်တို့ လမ်းအတူလျှောက်လာကြရာ တစ်နေရာတွင် အိုးမဲ့အိမ်မဲ့တစ်ယောက်ကို တွေ့ကြရသည်။

ရီပတ်ဘလီကန်က ၎င်းအိုးမဲ့အိမ်မဲ့ထံသို့ လျှောက်သွားပြီး သူ၏ Business card ကိုပေးလိုက်သည်။ အလုပ်လိုပါက သူ့ထံသို့ လာခဲ့ပါရန်လည်း ပြောလိုက်သည်။ ထို့နောက် သူက အိတ်ထဲမှ ဒေါ်လာ ၂၀ ကို ထုတ်ယူပြီး ၎င်းပုဂ္ဂိုလ်အားပေးလိုက်သည်။

ဒီမိုကရက်မှာ ရီပတ်ဘလီကန်၏အပြုအမူကို အားကျသွားသည်။ ရှေ့သို့ဆက်လျှောက်လာကြရင်း အိုးမဲ့အိမ်မဲ့တစ်ယောက်ကို ထပ်တွေ့ရာ အကူအညီပေးရန် သူက ဆုံးဖြတ်လိုက်သည်။ ဒီမိုကရက်က အိုးမဲ့အိမ်မဲ့လူထံသို့ လျှောက်သွားပြီး ပရဟိတရုံးတစ်ရုံးသို့ သွားရန် လမ်းကို

ညွှန်လိုက်သည်။ ထို့နောက် သူက ရိပတ်ဘလီကန်၏ အိတ်ထဲမှ ဒေါ်လာ ၅၀ ကိုထုတ်၍ အိုးမဲ့အိမ်မဲ့လူကို ပေးလိုက်သည်။

☺ အမေရိကရှိ နိုင်ငံရေး ပါတီကြီးနှစ်ခု

## ဘယ်ကလာတဲ့ ကြက်ဥလည်း

လူတစ်ယောက် ဆရာဝန်ထံသို့ အပြေးအလွှား ရောက်လာပြီး ပြောလိုက်သည်။

"ဆရာ၊ ဆရာ ကယ်ပါဦးဆရာ။ ကျွန်တော့်မိန်းမက သူ့ကိုယ်သူ ကြက်မလို့ ထင်နေတယ်ဆရာ"

ဆရာဝန်က ပြန်မေးလိုက်သည်။

"ဒီလိုဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ"

"၂ နှစ်လောက် ရှိပါပြီဆရာ"

"ဒါနဲ့များဗျာ၊ ကျွန်တော့်ဆီလာပြဖို့ ခင်ဗျား အဲဒီလောက်အချိန်ဆွဲနေရလား" ဟု ဆရာဝန်က အပြစ်တင်ဟန်ဖြင့် မေးလိုက်သည်။

ထိုသူက ပခုံးကိုတွန့်လိုက်ပြီးမှ အဖြေပြန်ပေးသည်။

"ကျွန်တော်တို့ ကြက်ဥဝယ်စားစရာ မလိုတော့လို့ပါ ဆရာ"

## မောင်းကွဲ

စိတ်ရောဂါအထူးကုဆရာဝန်များ၏ ညီလာခံတစ်ခု ကျင်းပနေချိန်ဖြစ်သည်။ ဆရာဝန်လေးယောက်တို့က ညီလာခံခန်းမထဲမှ ထွက်လာကြပြီး အတူလမ်းလျှောက်လာကြသည်။ ဆရာဝန်တစ်ယောက်က ကျန်သုံးယောက်ကို လှည့်၍ပြောလိုက်သည်။

"လူတွေက ကျွန်တော်တို့ဆီကို သူတို့ရဲ့ အပြစ်တွေ၊ ကြောက်ရွံ့မှုတွေနဲ့ပဲ အမြဲရောက်လာကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ပြဿနာတွေကို ဖွင့်ထုတ်ဖို့ကျတော့ ကျွန်တော်တို့မှာ အားကိုးရမယ့်သူမရှိဘူး"

ထိုသူ၏စကားကို ကျန်သူများက သဘောတူကြသည်။ ထို့နောက်တစ်ယောက်က ပြောလိုက်သည်။

"ဒါဆို ကျွန်တော်တို့အားလုံးဟာ ပရော်ဖက်ရှင်နယ်တွေဖြစ်တဲ့အတွက် အခုကစပြီး တစ်ယောက်ရင်ဖွင့်တာကို တစ်ယောက်က နားထောင်နိုင်ဖို့ အချိန်နည်းနည်းပေးကြစို့လား"

သူတို့အားလုံးသဘောတူလိုက်ကြသည်။ ပထမဆရာဝန်က သူ၏ပြဿနာကို စပြောသည်။

"ကျုပ်ရဲ့ လူနာတွေကို သတ်ပစ်ချင်တဲ့စိတ်ကို ထိန်းချုပ်မရဘူး ဖြစ်နေတယ်"

ဒုတိယစိတ်ကုဆရာဝန်ကလည်း သူ့အကြောင်းကို ဝန်ခံသည်။

"ကျွန်တော်ကတော့ အဖိုးတန်ပစ္စည်းတွေကို အရမ်းသဘောကျတယ်။ ဒါကြောင့် ကျွန်တော့်လူနာတွေကို နည်းမျိုးစုံနဲ့ လိမ်လည်လှည့်ဖြားပြီး သူတို့ဆီက အမြတ်ထုတ်လို့ရသမျှနဲ့ ကျွန်တော်လိုချင်တာတွေ ဝယ်တာပါပဲ"

တတိယဆရာဝန်က ဆက်ပြောသည်။

"ကျွန်တော်ကတော့ မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေမှာ ပါဝင်ပတ်သက်နေပြီး ကျွန်တော့်လူနာတွေကိုလည်း ဆေးရောင်းပေးဖို့ ဆွဲဆောင်ထားပါတယ်"

စတုတ္ထဆရာဝန်ကလည်း ဖြောင့်ချက်ပေးသည်။

"ကျွန်တော့်ရဲ့ ပြဿနာကတော့ မလုပ်သင့်မှန်းသိပေမယ့်၊ ဘယ်လောက်ပဲကြိုးစားကြိုးစား လျှို့ဝှက်ချက်တစ်ခုကို ကျွန်တော်သိသွားရင် ဖွင့်မပြောဘဲ မနေနိုင်တာပါပဲ"

## ရေမကူးတတ်လို့

စိတ်ရောဂါကုဆေးရုံတွင် လူနာသုံးယောက်တို့သည် ဆရာဝန်ကြီးက စီစဉ်သော စာမေးပွဲတစ်ခုအား ဖြေဆိုရန် ပြင်ဆင်နေကြသည်။ စာမေးပွဲကို အောင်မြင်သောလူနာသည် ဆေးရုံမှဆင်းခွင့်ရရှိမည်ဖြစ်သည်။ သို့သော် စာမေးပွဲကျပါက ဆေးရုံမှ ၎င်းတို့အား ငါးနှစ်ကြာအောင် ထိန်းသိမ်းထားမည် ဖြစ်သည်။

ဆရာဝန်က လူနာသုံးယောက်အား ဒိုင်ဗင်ဘုတ်တစ်ခု၏ ထိပ်သို့ခေါ်သွားပြီး အောက်တွင်ရှိသော ရေမရှိသည့် ရေကူးကန်ထဲသို့ ခုန်ချရန် လူနာများအား ခိုင်းစေသည်။

ပထမလူနာက ရေကူးကန်ထဲသို့ ခုန်ချလိုက်ရာ လက်နှစ်ဖက်ကျိုးသွားသည်။

ဒုတိယလူနာအလှည့်တွင် ခြေထောက်နှစ်ဖက်ကျိုး

သွားသည်။

တတိယလူနာက အပေါ်မှ တစ်ချက်ငုံ့ကြည့်ပြီး ခုန်ချရန်ငြင်းဆိုသည်။ ထိုအခါ ဆရာဝန်က "ဂုဏ်ယူပါတယ်ဗျာ၊ ခင်ဗျားဟာ လွတ်လပ်သူဖြစ်သွားပါပြီ။ ဒါနဲ့ ဘာကြောင့် ခုန်မချရတာလဲဆိုတာကိုသာ ပြောပြပါ" ဟုပြောလိုက်သည်။ လူနာက အဖြေပြန်ပေးသည်။

"ကျွန်တော် ရေမကူးတတ်လို့ပါ ဆရာ"

# ကိုယ့်အကြောင်းပဲပြောမယ်

လေယာဉ်ပေါ်တွင် အမျိုးသမီးကြီးတစ်ယောက်က သူမနှင့် ဘေးချင်းကပ်ထိုင်လာသော လူတစ်ယောက်အား သူမ၏ မြေးများအကြောင်းကို နှစ်နာရီကြာအောင် အားပါးတရပြောပြလာသည်။ သူမက အယ်လ်ဘမ်နှင့်တကွပါလာသော မြေးကိုးယောက်တို့၏ ဓာတ်ပုံများကိုပင် ထုတ်ပြလိုက်သေးသည်။

နောက်ဆုံးတွင် သူမက နှစ်ဦးသားစကားဝိုင်း၌ မြေးတို့၏အကြောင်းကိုသာ ဦးစားပေးနေမိကြောင်း သတိပြုမိသွားသည်။

"အို ကျွန်မတစ်ယောက်တည်း ပြောနေသလိုဖြစ်နေပါရောလား။ တောင်းပန်ပါတယ်ရှင်။ ရှင့်မှာလည်း ပြောစရာတစ်ခုခုတော့ရှိမှာပေါ့။ ဟုတ်တယ်မှတ်လား။ ပြောပါဦး။ ကျွန်မမြေးလေးတွေကို ဘယ်လိုမြင်လဲဟင်"

## ငါ့အလှည့်

မာတင်က သူ၏ယာဉ်မောင်းလိုင်စင်အသစ်စက်စက်ကို ရရှိလာသည်။ အိမ်သားအားလုံးက ကားပေါ်သို့ အလုအယက်တက်ကြပြီး ပထမဆုံးအကြိမ်မောင်းနှင်မည့် ဒရိုင်ဘာကို အားပေးရန် အဆင်သင့်ဖြစ်နေကြသည်။ ဖခင်ဖြစ်သူက ဒရိုင်ဘာခုံ၏ နောက်တည့်တည့်မှ ခုံတွင်ဝင်ထိုင်သည်။

"အဖေကတော့ ဒီလပိုင်းတွေမှာ ရှေ့ပါစင်ဂျာခုံမှာပဲ ထိုင်ပြီး ကျွန်တော့်ကို သင်ကြားပေးခဲ့ရတာဆိုတော့ မြင်ကွင်းအပြောင်းအလဲဖြစ်အောင် နောက်ခုံမှာထိုင်တာပဲဖြစ်ရမယ်" ဟု မာတင်က ဖခင်ဖြစ်သူကို ပြုံးပြုံးကြီးပြောလိုက်သည်။ ထိုအခါ ဖခင်ဖြစ်သူက အဖြေပေးလိုက်ပုံမှာ.....

"ဟင့်အင်း မင်း ငယ်ငယ်ကတည်းက ခုအရွယ်ထိ

လုပ်လာသလိုမျိုး မင်းခုံကို ငါ့ခြေထောက်နဲ့ နောက်ကကန်မလို့ ထိုင်တာပေါ့"

# ရေကူးကန်မှာ

ရေကူးကန်စောင့်က ကလေးငယ်တစ်ယောက် ရေကူးကန်ထဲတွင် ရှူးပေါက်ချသည့်အကြောင်း ကလေးအမေကို တိုင်တည်နေသည်။ ကလေးအမေက သူ့အား လက်ချာပြန်ပေးသည်။

"အမယ်လေး ရှင်လည်းငယ်ရာကကြီးလာတာပဲ။ ဒီအရွယ်ကလေးတွေ ရေကူးကန်ထဲကို ရှူးပေါက်ချတတ်တယ်ဆိုတာ လူတိုင်းသိတယ်"

ရေကူးကန်စောင့်က ပြန်မေးလိုက်သည်။

"ဩော် . . . ဟုတ်လား၊ ဒိုင်ဗင်ဘုတ်ပေါ်ကနေပြီး တော့ပေါ့လေ . . ."

## ငိမ်းချင်လို့ပါ

ဂျွန်နှင့် သူ၏ဇနီးတို့သည် အိမ်ရှေ့တံခါးဆီမှ အသံသဲ့သဲ့ကြောင့် အိပ်ပျော်နေရာမှ လန့်နိုးသွားကြသည်။ ဂျွန်က နာရီကို ကြည့်လိုက်သောအခါ နံနက် ၃ နာရီခွဲရှိနေပြီကို တွေ့ရသည်။

"ဒီအချိန်ကြီး အိပ်ရာထဲက မထွက်နိုင်ဘူး"

သူက တစ်ဖက်သို့လှိမ့်လိုက်ပြီး စဉ်းစားနေသည်။ ထိုစဉ်တံခါးခေါက်သံက ပို၍ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာသည်။ ဂျွန်၏ ဇနီးက မေးလိုက်သည်။

"ရှင် ထသွားမကြည့်ဘူးလား"

သူက အိပ်ရာမှ တရွတ်ဆွဲထပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။ အိမ်ရှေ့တံခါးကို ဖွင့်ကြည့်သောအခါ လူတစ်ယောက်ကိုတွေ့လိုက်ရသည်။ မြင်မြင်ချင်းပင် ထိုသူမှာ အရက်မူးနေကြောင်း ဂျွန်က ရိပ်စားမိသွားသည်။

လူစိမ်းက စကားစပြောသည်။

"ဟယ်လို ကျွန်တော့်ကို နည်းနည်းလောက် လိုက်တွန်းပေးနိုင်မလားဟင်"

"အာ မဖြစ်ဘူးဗျ။ စောစောစီးစီး သူများအိပ်ကောင်းတုန်းအချိန်ကြီးဗျာ"

ဂျွန်က ထိုသို့ပြောလိုက်ပြီး တံခါးကို ဆောင့်ပိတ်လိုက်သည်။ အိပ်ရာထဲသို့ ပြန်ရောက်သောအခါ သူ၏ဇနီးအား အကျိုးအကြောင်း ပြန်ပြောပြနေသည်။ ဇနီးသည်က ပြောလိုက်သည်။

"ဒါတော့ ဘယ်ကောင်းပါ့မလဲရှင်။ ကျွန်ခဲ့တဲ့လက ညကြီးမင်းကြီးမိုးသည်းသည်းထဲမှာ ကလေးတွေကို ကလေးထိန်းဆီကကြိုဖို့ အသွားလမ်းမှာ ကျွန်မတို့ကားပျက်တာ ရှင်မှတ်မိလား။ အဲဒီတုန်းက ရှင်ပဲသူ့အိမ်တံခါးကို သွားခေါက်ပြီး ကားစက်ပြန်နိုးအောင်ကူတွန်းပေးဖို့ ခေါ်ရသေးတယ်လေ။ သူသာ မကူညီခဲ့ရင် ဘယ့်နှယ်လုပ်ကြမလဲ"

"ဒါပေမဲ့ သူက အခု အရက်မူးနေတယ်ကွ"

"အဲဒါက အရေးမကြီးပါဘူးရှင်။ သူအကူအညီလိုတဲ့အချိန်မှာ ကူညီပေးရမှာက ကျွန်မတို့ ခရစ်ယာန်တွေရဲ့ ဝတ္တရားပဲ မဟုတ်လား"

သို့နှင့် ဂျွန်လည်း အိပ်ရာထဲမှ ပြန်ထွက်ပြီး အဝတ်

အစားများဝတ်သည်။ အောက်ထပ်ကို ဆင်းလာပြီး အိမ်ရှေ့တံခါးကို ဖွင့်ကြည့်သောအခါ လူစိမ်း၏ အရိပ်အယောင်ကိုပင် မမြင်ရတော့သဖြင့် လှမ်းအော်ကြည့်လိုက်သည်။

"ဟေး . . . ခင်ဗျားကို ကူတွန်းပေးဖို့ လူလိုသေးလား"

မိုးသည်းထဲမှ အသံတစ်သံထွက်လာသည်။

"ဟုတ်ကဲ့ ကျေးဇူးပြုပြီး . . ."

သို့သော်လည်း ယခုအချိန်အထိ ထိုသူကို မတွေ့ရသေးသဖြင့် ထပ်အော်၍ မေးလိုက်သည်။

"ခင်ဗျား ဘယ်မှာလဲ"

အမူးသမား၏ ပြန်ပြောသံ ထွက်လာသည်။

"ဒီမှာ . . . ဒီမှာ ဒန်းပေါ်မှာ"

## အတူတူပဲ

ဂျူးလူမျိုးတစ်ယောက် အရက်ဆိုင်တစ်ဆိုင်အတွင်းသို့ဝင်လာပြီး ထိုင်သည်။ သူ နှစ်ခွက်၊ သုံးခွက် သောက်ပြီးသောအခါ ဆိုင်ထဲတွင် တရုတ်လူမျိုးတစ်ဦးကို တွေ့ရသဖြင့် ထိုသူ၏မျက်နှာကို လက်သီးဖြင့် သွားထိုးသည်။

"အား . . .ဒါက ဘာအတွက်လဲ" ဟု တရုတ်လူမျိုးက အလန့်တကြားမေးလိုက်သည်။

"အဲဒါ ပုလဲဆိပ်ကမ်းအတွက်ပဲ" ဂျူးလူမျိုးက ပြန်ဖြေလိုက်သည်။

"ဒါပေမဲ့ ကျုပ်က တရုတ်ပဲဗျ"

"တရုတ်ဖြစ်ဖြစ်၊ ဂျပန်ဖြစ်ဖြစ် ဘာကွာလို့လဲ"

ထို့နောက် ဂျူးလူမျိုးက နေရာတွင် ပြန်ထိုင်နေသည်။ ထိုအချိန်တွင် တရုတ်လူမျိုးက ဂျူးလူမျိုးထံသို့ လှမ်းလာပြီး သူ့မျက်နှာကို လက်သီးဖြင့် ထိုးလိုက်သည်။ ဂျူး

လူမျိုးက ထအော်သည်။

"အား . . .ဒါက ဘာအတွက်လဲ"

"အဲဒါ တိုက်တန်းနစ်အတွက်"

"ဒါပေမဲ့ အဲဒါ ရေခဲတုံး (Ice berg) ဗျ"

"Ice berg ဖြစ်ဖြစ်၊ Cold berg ဖြစ်ဖြစ် အတူတူပါပဲ"

☺ **COLDBERG** = ဂျူးလူမျိုးများ မှည့်လေ့ရှိသောအမည်

## မှားမှ မှားတတ်ပါလေတယ်

ရွှေရောင်ဆံပင်နှင့် အမျိုးသမီးတစ်ဦးသည် သူမ၏ ခင်ပွန်းနှင့်အတူ သတင်းအစီအစဉ်ကြည့်နေသည်။ သတင်းကြေညာသူက ကောင်းကင်အလွတ်ခုန်ရာမှ မတော်တဆမှု ဖြစ်ပွားပြီး ဘရာဇီးလူမျိုး ၆ ဦး သေဆုံးသွားကြောင်းကို ကြေညာပေးနေသည်။

အမျိုးသမီးက စိတ်မကောင်းကြီးစွာ ငိုကြွေးပြီး ခင်ပွန်းဖက်သို့ လှည့်ပြောလိုက်သည်။

"စိတ်မကောင်းစရာပဲနော် မောင်"

ခင်ပွန်းသည် အူကြောင်ကြောင်ဖြစ်သွားပြီး ပြန်ဖြေသည်။

"အင်း စိတ်မကောင်းစရာပဲ။ ဒါပေမဲ့ ကောင်းကင်အလွတ်ခုန်တယ်ဆိုတာ အန္တရာယ်တော့များတာပေါ့"

မိနစ်အနည်းငယ်ကြာသောအခါ အမျိုးသမီးက ရှိက်သံကလေးနှင့် ထပ်မေးသည်။

"ဘရာဇီလီယန်ဆိုတာ မီလျံထက်ပိုများမှာပေါ့နော် မောင်"

☺ ဘရာဇီလီယန် (brazillian) = ဘရာဇီးလူမျိုး

# အလုပ်ပျက်တယ်

အရောင်းစာရေးမတစ်ဦး စာရင်းကိုင်အမျိုးသမီးတစ်ဦးနှင့် မန်နေဂျာမမတို့ နေ့လယ်စာစားရန် အတူထွက်လာကြရာ လမ်းတွင် ရှေးဟောင်းမှန်မီးအိမ်တစ်လုံးကို တွေ့ရသည်။ သူတို့က မှန်အိမ်ကို ပွတ်သပ်ကြသောအခါ မှန်အိမ်အတွင်းမှ မီးခိုးများနှင့်အတူ မီးခွက်စောင့်ဂျင်နီထွက်လာသည်။ ဂျင်နီက ပြောလိုက်သည်။

"ကျွန်ုပ်က ဆုတောင်းသုံးခုကိုပဲ ခွင့်ပြုနိုင်မယ်။ ဒါကြောင့် သင်တို့သုံးယောက်တစ်ယောက်ကို ဆုတောင်းတစ်ခု ပြည့်စေအောင်လုပ်ပေးမယ်"

"ကျွန်မအရင်၊ ကျွန်မအရင်" ဟု စာရင်းကိုင်အမျိုးသမီးက ထအော်သည်။

"ပြင်သစ်က အဖိုးတန်ပေ့ဆိုတဲ့ ဖက်ရှင်ဆိုင်ကြီးမှာ ဘရက်ပစ်ဒ်နဲ့အတူ ဈေးဝယ်ထွက်ချင်တယ်"

"ပြည့်စေ"

စာရင်းကိုင်အမျိုးသမီး ပျောက်သွားသည်။

အံ့သြမှုနှင့်အတူ အရောင်းစာရေးမက အော်လိုက်သည်။

"ကျွန်မအလှည့်၊ ကျွန်မအလှည့်၊ ကျွန်မကို ဟာဝိုင်ယီကျွန်းက ကမ်းခြေပေါ်မှာ လဲလျောင်း အပန်းဖြေနေနိုင်အောင် လုပ်ပေးပြီး ကျွန်မဘေးမှာလည်း တောင့်တင်းဖြောင့်စင်းတဲ့ လူပျိုချောလေး ၁၀ ယောက်ကိုပါ ထားပေးပါ"

"ပြည့်စေ"

အရောင်းစာရေးမလည်း ပျောက်သွားသည်။

နောက်ဆုံးကျန်သော မန်နေဂျာမမကို ဂျင်နီက မေးလိုက်သည်။

"နေ့ယ်စာ စားချိန်ပြီးတာနဲ့ အဲဒီနှစ်ယောက်ကို ရုံးမှာ ပြန်တွေ့ချင်တယ်"

## အဲဒါ ဒို့လူမျိုး

မက္ကဆီကန် လူမျိုးတစ်ယောက်၊ အမေရိကန် လူမျိုးတစ်ယောက်နှင့် ပိုလန်လူမျိုးတစ်ယောက်တို့ လေယာဉ်တစ်စီးပေါ်တွင် အတူလိုက်ပါလာကြသည်။ လေယာဉ်ပျံက မက္ကဆီကိုနိုင်ငံပေါ်မှ ဖြတ်အပျံတွင် မက္ကဆီကန်လူမျိုးက သူ့နိုင်ငံပေါ်သို့ သစ်တော်သီးတစ်လုံးပစ်ချသည်။

အမေရိကန်က မည်သည့်အတွက်ကြောင့် ဤသို့လုပ်ရသနည်းဟု မေးသောအခါ သူ၏နိုင်ငံကို ချစ်သောကြောင့်ဟု ပြန်ဖြေသည်။

ထို့နောက် အမေရိကန်နိုင်ငံပေါ်မှ လေယာဉ်ဖြတ်ပျံသောအခါ အမေရိကန်လူမျိုးက သူ့နိုင်ငံပေါ်သို့ ပန်းသီးတစ်လုံး ပစ်ချသည်။

ပိုလန်လူမျိုးက အကျိုးအကြောင်းမေးသောအခါ အမေရိကန်က သူ့နိုင်ငံကို သူချစ်သောကြောင့်ဟု ပြန်ဖြေသည်။

ထို့နောက် လေယာဉ်က ပိုလန်နိုင်ငံပေါ်မှ ဖြတ်ပျံသည်။ ပိုလန်လူမျိုးက ဗုံးတစ်လုံး ပစ်ချလိုက်သည်။

အမေရိကန်နှင့် မက္ကဆီကန်တို့က မေးကြသောအခါ ပိုလန်လူမျိုးက သူ့နိုင်ငံကို မုန်းတီးသဖြင့် ထိုသို့လုပ်ရကြောင်း ပြန်ဖြေသည်။

နောက်ခဏတွင် မက္ကဆီကန်လူမျိုးက လမ်းလျှောက်လာစဉ် ငိုနေသော ကောင်လေးတစ်ယောက်ကို တွေ့ရသည်။ သူက အဘယ်ကြောင့် ငိုနေရသနည်းဟု မေးသောအခါ သစ်တော်သီးတစ်လုံးသည် ကောင်းကင်ပေါ်မှကျလာပြီး သူ့အားထိမှန်သဖြင့် ငိုနေရကြောင်း ပြန်ဖြေသည်။

အမေရိကန်လူမျိုးက လမ်းလျှောက်လာစဉ် ကလေးမလေးတစ်ယောက် ငိုနေသည်ကို တွေ့လိုက်ရသည်။ သူကအကျိုးအကြောင်းမေးသောအခါ ပန်းသီးတစ်လုံးမိုးပေါ်မှ ကျလာပြီး သူမ၏ ခေါင်းကို ထိမှန်သဖြင့် ငိုနေရကြောင်း ပြန်ဖြေသည်။

ပိုလန်လူမျိုးက လမ်းလျှောက်လာစဉ် ဟားတိုက်၍ ရယ်နေသောလူတစ်ယောက်ကို တွေ့ရသည်။ အကြောင်းကို စုံစမ်းသောအခါ ထိုသူပြန်ဖြေလိုက်ပုံမှာ

"ကျုပ် အီးပေါက်လိုက်တာ နောက်ကတိုက်ကြီး ပေါက်ကွဲသွားလို့လေ ဟီး ဟီး ဟီး . . .ဟား . . . ဟား . . .ဟား"

❦

## အမိုက်ပဲဆုံးလူ

ရွာတစ်ရွာတွင် ရေကြီးရေလျှံမှုဖြစ်နေသည်။ လူတစ်ယောက်က အားလုံးကို ပြောလိုက်သည်။

"ကျုပ် ဒီမှာပဲ နေမယ်။ ဘုရားသခင်က ကျုပ်ကို ကယ်ဆယ်လိမ့်မယ်"

ရေမှာ ပို၍မြင့်တက်လာသည်။ လှေတစ်စင်းဖြင့် ကယ်မည့်သူရောက်လာပြီး ထိုသူအားခေါ်သည်။

"မိတ်ဆွေ၊ လာဗျို့။ ဒီပေါ်တက်ပါ"

"ဟင့်အင်း၊ ဘုရားသခင်က ကျုပ်ကို လာကယ်လိမ့်မယ်"

ရေမှာ ကြီးသထက်ကြီး၊ မြင့်သထက်မြင့်လာသည်။ ကျန်နေသောလူမှာ သူ၏အိမ်ခေါင်မိုးပေါ်သို့ တက်၍ ရပ်နေရသည်။ မကြာမီ ရဟတ်ယာဉ်တစ်စီးရောက်လာပြီး ထိုသူအား ကယ်ဆယ်မည်ပြုသည်။

"ဟင့်အင်း၊ ဘုရားသခင်က ကျုပ်ကို ကယ်ဆယ်လိမ့်မယ်"

နောက်ဆုံးတွင် ထိုသူမှာ ရေနစ်ပြီး သေဆုံးသွားသည်။ ထို့နောက် သူသည် ကောင်းကင်ဘုံတံခါးဝသို့ ရောက်ရှိသွားပြီး ဘုရားသခင်ကို တွေ့သောအခါ မေးလိုက်သည်။

"ဘုရားသခင်၊ ဘာကြောင့် ကျွန်တော့်ကို လာမကယ်ရတာလဲ"

ဘုရားသခင်က ပြန်ဖြေသည်။

"ဖြစ်မှဖြစ်ရလေ၊ အသင့်ကို ကျွန်ုပ် လှေတစ်စင်းနဲ့ ရဟတ်ယာဉ်တစ်စင်း လွှတ်ပေးတယ်လေ။ ဘာများ ထပ်လိုချင်သေးတာတုံး"

## ဖေဖေ ဘယ်သူလဲ

ကောင်ကလေးတစ်ယောက် ညအိပ်ရာမဝင်မီ သူ၏ အိပ်ရာဘေးတွင် ဒူးထောက်၍ ဆုတောင်းနေသည်။

"ဘိုးဘိုးအား ဘုရားသခင် ကောင်းချီးပေးပါစေ"

နောက်တစ်နေ့မနက်တွင် သူ၏ဘိုးဘိုးအား ကြမ်းပြင်ပေါ်တွင် လဲလျောင်းလျက် အသက်ကုန်နေသည်ကို တွေ့ကြရသည်။

နောက်တစ်လခန့်ကြာသောအခါ ကောင်လေးက ဆုတောင်းပြန်သည်။

"ဘွားဘွားကို ဘုရားသခင် ကောင်းချီးပေးပါစေ"

နောက်မနက်တွင် သူ၏ဘွားဘွားကို ကြမ်းပြင်ပေါ်တွင် လဲလျောင်းလျက် သေဆုံးနေသည်ကို တွေ့ရသည်။

နောက်နေ့ညတွင် ကောင်လေးက "ဖေဖေအား ဘုရားသခင် ကောင်းချီးပေးပါစေ" ဟု ဆုတောင်းသည်။

သူ၏ ဖခင်ကြီးသောအခါ ညတွင်းချင်း ဆေးရုံသို့ပြေး၍ စစ်ဆေးမှုများပြုလုပ်သည်။ ဆရာဝန်က မည်သည့်ရောဂါ ဝေဒနာမှ မရှိပါဟု အာမခံသောကြောင့် မနက်လင်းသည်နှင့် အိမ်သို့ပြန်လာရာ အိမ်ရှေ့တွင် လဲကျသေဆုံးနေသော နွားနို့ပို့သမားကို တွေ့ရလေသည်။

# ရယ်ချင်မိလို့

တောတွင်းတစ်နေရာ၌ မုဆိုးသုံးယောက်တို့ သွားကောင်ကို ခြေရာခံလိုက်ရာမှ အင်ဒီးယန်းလူရိုင်းတစ်စု၏ ဖမ်းဆီးခြင်းကို ခံလိုက်ရသည်။

၎င်းတို့က မုဆိုးသုံးယောက်ကို မျိုးနွယ်စု၏ ခေါင်းဆောင်ရှေ့သို့ ခေါ်ဆောင်သွားကြသည်။ မျိုးနွယ်စုခေါင်းဆောင်က ပြောလိုက်သည်။

"သင်တို့အားလုံး သစ်သီးတစ်မျိုးကို ၁၀ လုံးပြည့်အောင် ငါ့ရှေ့ကို ယူလာမယ်ဆိုလျှင် သင်တို့ရဲ့ အသက်ကို ချမ်းသာပေးမယ်"

များမကြာမီပင် ပထမမုဆိုးက ပန်းသီး ၁၀ လုံးကို ယူ၍ပြန်လာသည်။ အင်ဒီးယန်းခေါင်းဆောင်က ထိုသူအား လေးဖက်ထောက်ရန် အမိန့်ပေးလိုက်ပြီး ပန်းသီး ၁၀ လုံးစလုံးကို ထိုသူ၏ စအိုထဲသို့ တစ်လုံးချင်းစီ ထည့်ရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်နေစဉ်တွင် သူ၏ မျက်နှာ၌ မည်သည့်ခံစားမှုဝေဒနာကိုမှ မဖော်ပြဘဲ တောင့်ခံနေရမည်ဖြစ်ကြောင်း အမိန့်ပေးလိုက်သည်။ ပထမတစ်လုံးကို ထည့်

ရာတွင် အခက်အခဲအနည်းငယ်သာရှိသော်လည်း ဒုတိယ တစ်လုံးကို ထည့်ရာတွင် မုဆိုးမှာ မခံနိုင်ဘဲ အော်ဟစ် ငိုကြွေးသဖြင့် သူ့အားသတ်ပစ်လိုက်ကြသည်။

ထို့နောက် ဒုတိယမုဆိုးက စပျစ်သီး ၁၀ လုံးယူပြီး ပြန်လာသည်။ လူရိုင်းခေါင်းဆောင်က ဒုတိယမုဆိုးကို လည်း ပထမမုဆိုးနည်းတူလုပ်ရန် အမိန့်ပေးလိုက်သည်။ ကိုးလုံးမြောက် စပျစ်သီးထည့်အပြီးတွင် ဒုတိယမုဆိုးက အကြောင်းမဲ့ထ၍ ဟက်ဟက်ပက်ပက်ရယ်သည်။ ထို့ ကြောင့် သူ့ကိုလည်း သတ်ပစ်လိုက်ကြသည်။

ပထမမုဆိုးနှင့် ဒုတိယမုဆိုးတို့ ကောင်းကင်ဘုံတွင် ပြန်တွေ့ကြသောအခါ ပထမမုဆိုးက မေးလိုက်သည်။

"မင်းက ဘာကြောင့်ရယ်ရတာလဲ။ နောက်ထပ် စပျစ် သီးတစ်လုံးသာ သွင်းပြီးရင် မင်းအသက်ချမ်းသာ ရာရမှာ မဟုတ်လား"

ဒုတိယမုဆိုးက ရယ်ချင်စိတ်ကို ယခုထိ ထိန်းနိုင် သေးပုံမပေါ်ဘဲ ပြန်ဖြေလိုက်သည်။

"ငါလည်း ဘယ်လိုမှ မထိန်းနိုင်တော့ဘူး။ ဟိုကောင် က လက်ထဲမှာ နာနတ်သီးတွေကိုင်ပြီး ပြန်လာ တယ်လေ ဟား . . .ဟား"

## အပွဲ့အစည်းဆိုသည်မှာ

အဖွဲ့အစည်းတစ်ခုသည် မျောက်များနှင့် စုဝေးစည်းရုံးနေသော သစ်ပင်တစ်ပင်နှင့် ဆင်တူသည်။ နေရာအသီးသီး၊ အမြင့်အမျိုးမျိုးတို့တွင် မိမိအကိုင်းကို တွဲလောင်းခိုထားကြသည်။

အချို့မျောက်များက အပေါ်သို့တက်သွားကြသည်။ အချို့မှာ အောက်သို့ဆင်းလာကြသည်။ အပေါ်တွင်ရှိသော မျောက်က အောက်သို့ ငုံ့ကြည့်သောအခါ ပြုံးနေသော မျက်နှာများကို သစ်ပင်အပြည့်တွေ့ရသည်။ အောက်ဆုံးတွင် ရှိနေသော မျောက်က အပေါ်သို့မော့ကြည့်သောအခါ ဘာမှမတွေ့ရဘဲ မျောက်ဖင်များကိုသာ တွေ့ရလေသည်။

## ယုဒ နှင့် ဓားပြ

တစ်ညတွင် ဓားပြတစ်ယောက်သည် အိမ်တစ်အိမ်သို့ ဖောက်ထွင်းဝင်လာရာ အသံတစ်သံကို ကြားလိုက်ရသည်။

"ဘုရားသခင်က သင့်ကို ကြည့်နေတယ်"

ဓားပြက ခုံတစ်လုံးနောက်တွင် ဝင်ပုန်းပြီး မေးလိုက်သည်။

"အခု ပြောနေတာ ဘယ်သူလဲ"

စောစောကအတိုင်းပင် အသံကြားရပြန်သည်။

"ဘုရားသခင်က သင့်ကို ကြည့်နေတယ်"

ဓားပြက အခန်းထဲတွင် လိုက်လံရှာဖွေသောအခါ ကြက်တူရွေးတစ်ကောင်ကိုသာ တွေ့ရသည်။ သူက ကြက်တူရွေး၏ အမည်ကို မေးလိုက်သည်။

"ကျုပ်နာမည် ယုဒ၊ ကျုပ်အိမ်ရှင်က ဘုရားသခင်။ အခု သူလာနေပြီ"

☺ ယုဒ - ခရစ်တော်အား သစ္စာဖောက်သူ

## ချစ်မေမေ

ညနေခင်းတစ်ခုတွင် ဇနီးမောင်နှံနှစ်ယောက် အပြင်ထွက်၍ ညစာစားရန် စီစဉ်ထားရာ အိမ်တွင်မွေးထားသော ကြောင်အား အိမ်ထဲတွင် ပိတ်မထားခဲ့ချင်သဖြင့် အပြင်သို့ ထုတ်ထားလိုက်သည်။

များမကြာမီ တက္ကစီရောက်လာသဖြင့် လင်မယားနှစ်ယောက်ထွက်လာကြရာ ကြောင်မှာ အိမ်ထဲသို့ လှစ်ခနဲ ဝင်ပြေးသွားသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် ဇနီးဖြစ်သူက တက္ကစီရှိရာသို့ လျှောက်လာခဲ့ပြီး ခင်ပွန်းသည်က ကြောင်အားမောင်းထုတ်၍ အိမ်ပေါ်သို့ ပြန်တက်သွားသည်။

မိမိတို့အိမ်တွင် လူတစ်ဦးတစ်ယောက်မှ မကျန်ရစ်သည်ကို မသိစေလိုသဖြင့် အမျိုးသမီးက တက္ကစီ ဒရိုင်ဘာကို ဤသို့ပြောလိုက်သည်။

"ကျွန်မ အမေကို နှုတ်ဆက်ဖို့ အပေါ်တက်သွားတာလေ"

မိနစ်အနည်းငယ်ကြာလျှင် ခင်ပွန်းဖြစ်သူ ကားပေါ်တက်လာပြီး ပြောလိုက်သည်မှာ.....

"နည်းနည်းကြာသွားတာ ဆောရီးပဲ။ ဒီကြောင်အိုမကြီးက အိပ်ရာအောက်မှာ ပုန်းနေလို့ ထွက်လာအောင် အကျီချိတ်နဲ့ ရိုက်ပြီး ဆုံးမခဲ့ရတယ်"

ဟူသတည်း။

## အလိုလိုက်ထားတယ်

ဆပ်ကပ်ပွဲတစ်ခုသို့ သားအမိ သားအဖ သုံးယောက် အတူတကွ သွားကြည့်ကြသည်။ ဆင်များပြကွက်သို့ ရောက်သောအခါ သားငယ်အား အထူးအံ့အားသင့် စိတ်လှုပ်ရှားစေသည်။

"မေမေ ဆင်မှာရှိတဲ့ ဟိုရှည်ရှည်ဟာကြီးက ဘာလဲ ဟင်"

"အဲဒါ ဆင်နှာမောင်းပေါ့ သားရဲ့"

"ဟင် . . . ဟုတ်ဘူး၊ ဟုတ်ဘူး။ ဆင်ရဲ့ပေါင်ကြား မှာ တွဲလောင်းကျနေတဲ့ ဟာကြီးကို ပြောတာ"

မိခင်ဖြစ်သူမှာ ရှက်ကိုးရှက်ကန်းဖြင့် ပြန်ဖြေလိုက်သည်။

"အို ဘာမှမဟုတ်ပါဘူး"

ထို့နောက်သူမက စားစရာမုန့်နှင့် အအေးဘူးများ

ဝယ်ရန် ထွက်သွားသည်။ မိခင်ဖြစ်သူ ထွက်သွားသော အခါ သားငယ်က သူ၏ဖခင်ဘက်သို့ လှည့်၍မေးလိုက်သည်။

"ဖေဖေ၊ ဟိုဆင်ရဲ့ ပေါင်ကြားထဲမှာ တွဲလောင်းကျနေတဲ့ဟာကြီးက ဘာလဲဖေဖေ"

ဖခင်ဖြစ်သူက အေးအေးသက်သာ ပြန်ရှင်းပြသည်။

"အဲဒါသားမှာရှိတဲ့ဟာလိုပဲလေ၊ ဆင်ရဲ့ ဂျိုးဂျိုးပေါ့"

သို့သော် သားငယ်က မကျေနပ်ဟန်ဖြင့် ရေရွတ်လိုက်သည်။

"အဲဒါကိုများ မေမေက ဘာမှမဟုတ်ဘူးတဲ့"

ဖခင်ဖြစ်သူက အသက်ပြင်းပြင်း တစ်ချက်ရှူပြီးမှ ပြောလိုက်သည်။

"မင်းအမေကို ဖေဖေ အလိုလိုက်ထားလို့ သူမေ့နေတာနေမှာပါကွာ"

## သူ့ဆုတောင်း

ကျွန်တော်ငယ်ငယ်တုန်းက စက်ဘီးကလေးတစ်စီး ပိုင်ဆိုင်ရရှိရန် ဘုရားသခင်ထံတွင် ကျွန်တော်ဆုတောင်းခဲ့ ဖူးပါသည်။ နောက်ပိုင်းတွင် ဤနည်းသည် ဘုရားသခင်နှင့် အလုပ်ဖြစ်လိမ့်မည် မဟုတ်ဟု ကျွန်တော်နားလည်သွား ပါသည်။ ထို့ကြောင့် ကျွန်တော် စက်ဘီးတစ်စီးကို ခိုးပြီး မှ ဘုရားသခင်ထံမှ ခွင့်လွှတ်မှုကို ခံယူရန် ဆုတောင်းပါ သည်။

## ခွေးပြီးကောက် ကျည်တောက်စွပ်

ကက်သလစ်ဘာသာဝင် ဆယ်ကျော်သက်လူငယ်တစ်ဦးသည် ဘုန်းတော်ကြီးထံသို့သွား၍ အာပတ်ဖြေသည်။ မိန်းကလေးတစ်ဦးနှင့် လွန်လွန်ကျူးကျူးဖြစ်ခဲ့ကြောင်းကို အာပတ်ဖြေပြီးသောအခါ ဘုန်းတော်ကြီးက မိန်းကလေး၏ အမည်ကို ထုတ်ဖော်မပြောပါက ၎င်းအား အပြစ်မှ ခွင့်လွှတ်နိုင်လိမ့်မည်မဟုတ်ကြောင်း ပြောလိုက်သည်။

"ကျွန်တော် မပြောဘူးလို့ ကတိပေးထားပါတယ် ဖာသာ"

"ဘယ်သူလဲ၊ အသားရောင်းတဲ့ လူရဲ့သမီး မေရီလား"

"မဟုတ်ပါဘူး။ ပြောလို့မဖြစ်ပါဘူး ဖာသာ"

"ဒါမှမဟုတ် မုန့်ဖုတ်သမားရဲ့သမီး ကက်သရင်း

ဖြစ်ရမယ်"

"မဟုတ်ပါဘူး ဖာသာ"

"ဒါမှမဟုတ် မုန့်ဖုတ်သမားရဲ့သမီး ကက်သရင်း ဖြစ်ရမယ်"

"မဟုတ်ပါဘူး ဖာသာ"

"ဒါဆိုရင် ပုံနှိပ်ဆရာရဲ့သမီး လူစီပဲဖြစ်ရမယ်"

"ကျွန်တော် မပြောနိုင်ပါဘူး ဖာသာ"

ဘုန်းတော်ကြီးက စိတ်လျှော့သွားဟန်ဖြင့် ပြောလိုက်သည်။

"ကဲ ဒါဆိုကျုပ်မှာလည်း ရွေးစရာလမ်းမရှိတော့ဘူး။ သင့်ကို အသင်းတော်မှ ၆ လ ထုတ်ပယ်လိုက်မယ်"

အပြင်သို့ပြန်ရောက်သောအခါ စောင့်နေသော လူငယ်၏ သူငယ်ချင်းက အခြေအနေကို မေးသည်။ ထိုအခါ လူငယ်က ပြန်ဖြေလိုက်ပုံမှာ.....

"၆ လ အချိန်ရတယ်။ ဒါပေမဲ့ ကြျုရမှာက ၃ ယောက်" ဟူ၍ ဖြစ်ပါသတည်း။

## သိစေချင်လို့

ဂျူးလူမျိုးတစ်ဦး ဘုရားကျောင်းတွင် အာပတ်သွား ဖြေသည်။

"ဖာသာ အို မဲလီ၊ တပည့်တော်ရဲ့ အမည်က အမေးလ် ကိုဟင်ပါ။ အသက်က ၇၈ နှစ်ရှိပါပြီ။ ယုံချင်ယုံ မယုံချင်နေပါ ဖာသာ၊ တပည့်တော်ဟာ ခုလောလော ဆယ် အသက် ၂၈ နှစ်အရွယ် မိန်းကလေးတစ် ယောက်နဲ့ ပတ်သက်နေပါတယ်။ ဒါ့အပြင် သူ့ရဲ့ ညီမအသက် ၁၉ နှစ်အရွယ် မိန်းကလေးနဲ့လည်း ထပ်ပြီးပတ်သက်နေပါသေးတယ်။ တပည့်တော်တို့ ဟာ အာရုံခံစားစရာဟူသမျှကို ပုံစံအမျိုးမျိုးနဲ့ ခံစား ကြပါတယ်။ တပည့်တော်ရဲ့ဘဝမှာ ဒီထက် ထူးကဲ သာလွန်တဲ့ အရသာမျိုးတစ်ခါမှ မခံစားဖူးပါဘူး"

ဘုန်းတော်ကြီးက ပြန်မေးသည်။

"သားတော် သင်နေရာမှားလာပြီ ထင်တယ်။ ဘာကြောင့် ကျွန်ုပ်ကို ဒီအကြောင်းတွေ လာပြောနေတာလဲ"

"တပည့်တော် လူတိုင်းကို လိုက်ပြောနေတာပါ ဖာသာ"

## လူ့အလို ကိုယ်တော်မလိုက်နိုင်

ဂျူးဘွားဘွားက ကမ်းခြေတွင် ဆော့ကစားနေသော သူ၏ မြေးကလေးအား စောင့်ကြည့်နေစဉ် လှိုင်းလုံးကြီး တစ်လုံးက ကလေးငယ်ကို ပင်လယ်ထဲသို့ ဆွဲချသွား သည်။ သူမက ချက်ချင်းပင် ဒူးထောက်ပြီး ဘုရားသခင်ကို တောင်းပန်သည်။

"ကိုယ်တော် တပည့်တော်ရဲ့ တစ်ဦးတည်းသော မြေးလေးကို ကယ်ပါဦး ကိုယ်တော်။ သူ့ကို ပြန်ခေါ် လာပေးပါ"

လှိုင်းလုံးကြီးတစ်လုံးတက်လာပြီး ကလေးငယ်အား ကမ်းစပ်တွင် ပြန်တင်ပေးသွားသည်။ ဝမ်းမြောက်ဝမ်းသာ နှင့် ကလေးငယ်ရှိရာသို့ ပြေးသွားပြီးနောက် ကောင်းကင် ကို မော့ကြည့်၍ ဘွားဘွားက ပြောလိုက်သည်။

"ကိုယ်တော် သူ့ ဦးထုပ် ပါမလာတော့ပါလား"

## ရှိတိုက်ပေးသူ

လန်ဒန်မြို့သို့ အလည်အပတ်လာသော အမေရိကန်တိုးရစ်တစ်ဦးသည် အပေါ့သွားချင်သဖြင့် ပြဿနာတက်နေသည်။ အများသုံးသန့်စင်ခန်းကိုလည်း ရှာမတွေ့ချေ။ ထို့ကြောင့် သူကပြဿနာကို ဖြေရှင်းရန် လမ်းသွယ်တစ်ခုထဲသို့ ဝင်လာခဲ့သည်။ သူဘောင်းဘီဇစ်ကို ဖြုတ်နေစဉ်မှာပင် လန်ဒန်ရဲသားတစ်ယောက် အနားသို့ရောက်လာသည်။ ရဲသားက မေးလိုက်သည်။

"ခင်ဗျား ဒီမှာ ဘာလုပ်နေတာလဲ"

"တောင်းပန်ပါတယ်ဗျာ။ ကျွန်တော် အပေါ့သွားချင်တာ အောင့်မထားနိုင်တော့လို့ပါ"

"ခင်ဗျား ဒီမှာလုပ်လို့တော့ မဖြစ်ဘူး။ လာ ကျုပ်နဲ့လိုက်ခဲ့"

ရဲသားက အမေရိကန်အား စီစီညီညီညှပ်ထားသော

ချုံစည်းရိုးများ၊ လှပသောပန်းပင်များ၊ မြက်ခင်းစိမ်းစိမ်းများ ရှိသည့် ဥယျာဉ်တစ်ခုအတွင်းသို့ ဦးဆောင်၍ ခေါ်သွားသည်။

"ကဲ ဒီမှာ သဘောရှိသာ လုပ်ပေတော့" ဟု ရဲသား ကပြောလိုက်သည်။ အမေရိကန်တိုးရစ်က နောက်သို့လှည့် ပြီး ဘောင်းဘီဇစ်ကို ဖြုတ်၍ အားရပါးရ အပေါ့စွန့်လိုက် သည်။

"အား . . ."

ထို့နောက် သူက နှစ်သိမ့်ကျေနပ်စွာ ရဲသားဘက်သို့ လှည့်ပြီး မေးလိုက်သည်။

"ခင်ဗျားက အရမ်းသိတတ်ပျူငှာတာပဲ။ ဒါဗြိတိသျှ ယဉ်ကျေးမှုပဲလား"

ရဲသားက အဖြေပေးသည်။

"မဟုတ်ပါဘူး။ အခုရောက်နေတာ ပြင်သစ်သံရုံး လေ"

## သေချင်သေပါစေ

အမျိုးသမီးတစ်ယောက် သူမ၏ လင်ယောကျ်ား ဆေးခန်းပြရာသို့ အဖော်လိုက်ပါလာသည်။ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပြီးသောအခါ ဆရာဝန်က ဇနီးဖြစ်သူကို သူ၏ရုံးခန်းတွင် သီးသန့်ခေါ်တွေ့သည်။

"ခင်ဗျားယောကျ်ားဟာ ဖိစီးမှုတွေကြောင့် ထူးထူးခြားခြား စိတ်ကျဝေဒနာကို ခံစားနေရတယ်။ အခုကျွန်တော်ပေးမယ့် ညွှန်ကြားချက်တွေကို ခင်ဗျား မလိုက်နာရင်တော့ ခင်ဗျားယောကျ်ား သေမှာပဲ"

"မနက်တိုင်း သူ့ကို မနက်စာပြင်ကျွေးပါ။ အမြဲတမ်း ကြည်ကြည်သာသာ ဆက်ဆံပါ။ နေ့လယ်စာကိုလည်း အာဟာရဖြစ်စေမယ့်။ အစားအစာချက်ပြုတ်ကျွေးပါ။ ညစာဆိုရင်လည်း သူ့အတွက် အထူးစပါယ်ရှယ် ဟင်းလျာတွေ ချက်ကျွေးပါ။ ဝေယျာဝစ္စ

ကိစ္စတွေ သူ့ကိုမခိုင်းပါနဲ့။ သင့်ရဲ့ပြဿနာတွေကို သူနဲ့မတိုင်ပင်ပါနဲ့။ ဒါက သူ့ရဲ့စိတ်ကို ပိုပြီး ဖိအားဖြစ်စေတယ်။ အထူးသဖြင့် သူ့ကို ကြင်ကြင်နာနာ ယုယုယယ ဆက်ဆံပါ။ ပုံမှန်ချစ်တင်းနှောပါ"

"ခင်ဗျား ဒီအတိုင်း ၁၀ လကနေ တစ်နှစ်ကြာအောင် လုပ်ဆောင်နိုင်မယ်ဆိုရင်တော့ ခင်ဗျားခင်ပွန်းရဲ့ ဝေဒနာလုံးဝပျောက်ကင်းသွားလိမ့်မယ်လို့ ကျွန်တော် ထင်တယ်"

အိမ်သို့အပြန်လမ်းတွင် ခင်ပွန်းဖြစ်သူက သူ၏ဇနီးကို မေးလိုက်သည်။

"ဆရာဝန်က ဘာပြောလဲကွ"

"အနေးနဲ့အမြန် ရှင်သေမှာပဲတဲ့"

## နားကြားလွဲလို့ပါ

စိတ်ပညာရှင်တစ်ဦးသည် သဘာဝလွန်ဖြစ်ရပ်ဆန်း များနှင့် ကြုံဖူးသည်ဟုဆိုသော လူတစ်စုနှင့် တွေ့ဆုံဆွေး နွေးနေသည်။ သူက စ၍ မေးလိုက်သည်။

"ဘယ်သူ တစ္ဆေ (Ghost) ကို တွေ့ဖူးသလဲ"

အားလုံးလက်ထောင်ကြသည်။ ထို့နောက် သူက ဆက်မေးသည်။

"တစ္ဆေ (Ghost) နဲ့ စကားပြောဖူးတဲ့လူ ဒီမှာ ဘယ် နှယောက်ရှိလဲ"

လူစု၏ တစ်ဝက်ခန့် လက်ထောင်ကြသည်။

"ဒါဆို တစ္ဆေ (Ghost) ကို ထိဖူးတွေ့ဖူးတဲ့ လူ ဘယ်နှယောက်ပါလဲ"

လူအုပ်ထဲမှ ဆယ်ရာခိုင်နှုန်းလောက်သော လူများ ကသာ လက်ထောင်ကြသည်။

"ဒါဆို တစ္ဆေ (Ghost) တစ်ကောင်နဲ့ ကာမဆက်ဆံဖူးတဲ့လူရော ဘယ်နှယောက်ပါလဲ"

နောက်ဆုံးတန်းတွင် ထိုင်နေသော လူငယ်လေးတစ်ယောက်သာ သူ၏လက်ကို ထောင်ပြသည်။ စိတ်ပညာရှင်က စင်မြင့်ပေါ်မှနေ၍ လူငယ်အား လှမ်းကြည့်ပြီး မေးလိုက်သည်။

"မင်းက တကယ်ပဲ တစ္ဆေ (Ghost) တစ်ကောင်နဲ့ ကာမဆက်ဆံဖူးတယ်လို့ ကျုပ်ကို ပြောချင်တာလား"

လူငယ်က ပျာပျာသလဲ ပြန်ဖြေသည်။

"ဩော် . . . မဟုတ်ဘူး၊ မဟုတ်ဘူး။ ကျွန်တော်သေချာမကြားလိုက်ရလို့ပါဗျာ။ ကျွန်တော်က ဆိတ် (Goat) လို့ ပြောတယ် မှတ်လို့ပါ"

## မုန့်ချက်နှင့် နမ်းထွက်

နတ်သမီးလေးတစ်ပါးက ဇနီးမောင်နှံနှစ်ယောက်ကို ပြောလိုက်သည်။

"၃၅ နှစ်တာကြာအောင် စံပြမောင်နှံအဖြစ် ပေါင်းဖော်လာခဲ့ကြတဲ့ သင်တို့မောင်နှံကို ကျွန်ုပ်က ဆုတောင်းတစ်ခုစီ တောင်းခွင့်ပေးမယ်"

ဇနီးက အရင်ဆုတောင်းသည်။

"ကျွန်မ ကျွန်မရဲ့အချစ်ဆုံး ခင်ပွန်းနဲ့အတူ ကမ္ဘာတစ်ပတ် ခရီးထွက်ချင်ပါတယ်"

နတ်သမီးလေးက သူ၏ မှော်တုတ်ချောင်းကို မွှေ့၍ "အာဘရာ ကာဘရာ" ဟု ရွတ်ဆိုလိုက်သောအခါ သူမ၏ လက်ထဲသို့ ကမ္ဘာတစ်ပတ် လက်မှတ်နှစ်စောင် ရောက်လာသည်။

ယခုအခါ ခင်ပွန်းသည်၏ အလှည့်ဖြစ်သည်။ သူက

ခေတ္တစဉ်းစားဟန်ပြုပြီးမှ ပြောလိုက်သည်။

"အဲ . . . ဒီအချိန်လေးဟာ တကယ်ကြည်နူးစရာပါပဲ။ ဒါပေမဲ့ ဒီလိုမျိုး အခွင့်အရေးဆိုတာမျိုးကလည်း တစ်သက်မှာတစ်ခါသာ ကြုံရခဲတာမျိုးဆိုတော့ အင်း . . . စိတ်မကောင်းပါဘူး အချစ်ရယ်။ ကိုယ်ကတော့ ကိုယ့်ထက် အနှစ် ၃၀ လောက်ငယ်တဲ့ ဇနီးတစ်ယောက်ကိုရဖို့ပဲ ဆုတောင်းမယ်"

ဇနီးသည်မှာ အတော်ပင် စိတ်ပျက်လက်ပျက် ဖြစ်သွားမိသည်။ သို့သော် ဆုတောင်းသည် ဆုတောင်းသာ ဖြစ်သည်။

နတ်သမီးလေးက သူ၏မှော်တုတ်ချောင်းအား ဝှေ့ဝိုက်ပြီး "အာဘရာ ကာဘရာ" ဟု ရေရွတ်လိုက်သောအခါ ရုတ်တရက် ခင်ပွန်းဖြစ်သူသည် အသက် ၉၀ အရွယ် အဘိုးကြီး ဖြစ်သွားလေသည်။

☺ သင်ခန်းစာ- ယောကျ်ားများသည် အယုတ်တမာများဖြစ်ကြသည်။
နတ်သမီးသည်လည်း အမဖြစ်သဖြင့် မိန်းမသည် မိန်းမသာဖြစ်သည်။

## ပေလေ့သား

နှစ်ပေါင်း ၃၀ ကြာကွဲကွာနေသော သူငယ်ချင်းလေး ယောက်ပါတီပွဲတစ်ခုတွင် ပြန်ဆုံမိကြသည်။ ပျော်ပျော် ပါးပါးသောက်ကြစားကြပြီးနောက် တစ်ယောက်သော သူက သန့်စင်ခန်းသို့ သွားသည်။ ကျန်သူငယ်ချင်းက ဝိုင်းဖွဲ့ပြီး သူတို့၏ ကလေးများအကြောင်းနှင့် သူတို့ဘဝ ၏ အောင်မြင်မှုများအကြောင်းကို ပြောဆိုနေကြသည်။

ပထမလူက စပြောသည်။

"ကျုပ်ကတော့ ကျုပ်သားကို အရမ်းဂုဏ်ယူတယ်ဗျာ။ သူအလုပ်စဝင်တော့ နာမည်ကြီး ကုမ္ပဏီတစ်ခုမှာဗျ။ အောက်ခြေစာရေးကလေးကနေပြီး စလုပ်တာ အခုဆို GM ဖြစ်နေပြီလေ။ အခု သူ့မှာ ဝင်ငွေလည်း ကောင်းနေပြီ။ သူက သူ့အချစ်ဆုံးသူငယ်ချင်း မွေးနေ့ အတွက် မာစီဒီး နောက်ဆုံးပေါ်ကားတစ်စီး လက်ဆောင်ပေးတယ်လေ"

ဒုတိယလူက ဆက်ပြောသည်။

"ကျုပ်သားကလည်း ခေသူမဟုတ်ပါဘူးဗျ။ သူက ခရီးသွားအေဂျင်စီတစ်ခုမှာ အလုပ်စလုပ်ပြီး အဲဒီကမှ တစ်ဆင့် လေယာဉ်မောင်းသင်တန်းတွေ ဘာတွေ တက်၊ ပိုင်းလော့ဖြစ်အောင် ကြိုးစားပြီးမှ အခုဆိုရင် သူအလုပ်လုပ်နေတဲ့ လေယာဉ်ကုမ္ပဏီရဲ့ ရှယ်ယာ တစ်ဝက်ကိုတောင် ပိုင်ဆိုင်ထားပြီဗျ။ အခု သူ့ရဲ့ အချစ်ဆုံးသူငယ်ချင်း မွေးနေ့အတွက် ဂျက်လေ ယာဉ်အသစ်တစ်စီး လက်ဆောင်ပေးသတဲ့ဗျာ"

တတိယလူကလည်း အားကျမခံဝင်ပြောသည်။

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ ကျုပ်သားအကြောင်း လေးလည်း ကြားပါရစေဗျ။ သူက နာမည်ကြီး တက္ကသိုလ်တစ်ခုမှာ ကျောင်းသွားတက်ပြီး အင်ဂျင်နီယာ ဖြစ်လာတယ်။ အခုသူ့ရဲ့ ကိုယ်ပိုင် ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုကို ထူထောင်ပြီး ကြိုးစားလိုက်တာ သန်းကြွယ်သူဌေးလေး ဖြစ်နေ ပြီလေ။ သူလည်း သူအချစ်ဆုံး သူငယ်ချင်း မွေးနေ့ အတွက်ဆိုပြီး စတုရန်း ပေ ၃၀,၀၀၀ ရှိတဲ့ ကွန်ဒို တိုက်ခန်းကြီးတစ်ခု လက်ဆောင်ပေးလိုက်တယ်လေ"

သူငယ်ချင်းသုံးယောက်က တစ်ဦးနှင့်တစ်ဦး ဂုဏ်ပြု စကားများ ပြောဆိုကြသည်။ ထိုအချိန်တွင် အစောပိုင်း က သန့်စင်ခန်းသွားနေသော စတုတ္ထသူငယ်ချင်းက ပြန်

ရောက်လာပြီး မေးလိုက်သည်။

"ဟ....ဘယ်လိုလဲဟ။ ဘာတွေပြောနေကြတာလဲ"

"တို့သားတွေနဲ့ပတ်သက်ပြီး ဘယ်လောက် ဂုဏ်ယူစရာကောင်းတယ်ဆိုတာကို ပြောနေကြတာကွ။ မင်းသားအကြောင်းလည်း တို့ကိုပြောပါဦးကွ"

စတုတ္ထလူက ပြန်ဖြေသည်။

"ကျုပ်သားကတော့ မိန်းမလျှာပါကွာ။ ညကလပ်တစ်ခုမှာ ဖော်ချွတ်ကပြီး ပိုက်ဆံရှာလေရဲ့"

ကျန်သူငယ်ချင်းသုံးယောက်က ဝိုင်းပြောသည်။

"ကျွတ်ကျွတ် ရှက်စရာပဲကွာ။ မင်းအတွက်လည်း စိတ်မကောင်းပါဘူးကွာ"

စတုတ္ထလူက အေးအေးဆေးပင် ပြန်ပြောလိုက်သည်။

"ဟင့်အင်း မရှက်ပါဘူးဗျာ။ ကျုပ်သားအတွက် ဂုဏ်ယူနိုင်ပါတယ်။ နောက်ပြီး သူက လာဘ်လည်းကောင်းတယ်ဗျ။ ကျန်ခဲ့တဲ့ သူ့မွေးနေ့တုန်းက သူ့ရဲ့ယောကျ်ားလေး သူငယ်ချင်းသုံးယောက်စီကနေပြီး မာစီဒီးကားတစ်စီး၊ ဂျက်လေယာဉ်အသစ်တစ်စီးနဲ့ ကွန်ဒိုတိုက်ခန်းကျယ်ကြီးတစ်ခန်း လက်ဆောင်ရထားတယ်လေ"

## မေးတတ်ပါလေ

အမျိုးသမီးနှစ်ယောက် အတူလမ်းလျှောက်လာကြသည်။ တစ်ယောက်က နောက်တစ်ယောက်ကို လှည့်၍ ပြောလိုက်သည်။

"ဟိုမှာတွေ့လား၊ ပန်းဆိုင်ထဲကနေ ကျွန်မယောက်ျား ထွက်လာတာ၊ လက်ထဲမှာလည်း နှင်းဆီပန်းတစ်ဒါဇင်နဲ့လေ၊ ဒီပုံအတိုင်းဆိုရင်တော့ နောက်သုံးရက်လောက် ကျွန်မပေါင်နှစ်ချောင်းကို လေထဲ မြှောက်ထားရတော့မယ် ထင်တယ်ရှင်"

"ဟင် . . .ဟုတ်လား၊ ရှင်တို့အိမ်မှာ ပန်းအိုးမရှိလို့လားဟင်"

## အဆင်သင့် မဖြစ်သေးဘူး

ယောက်ျား။ ။ မင်းရဲ့မွေးနေ့က နီးလာပြီဆိုတော့ မင်း ဘာကို သဘောကျသလဲ။ နည်းနည်းလောက် ပြောပြပါလားကွာ။

မိန်းမ ။ ။ ကွာရှင်းဖို့။

ယောက်ျား။ ။ ဆောရီးပဲကွာ။ ဒါပေမဲ့ ကိုယ်အဲဒီလောက်အထိ ပိုက်ဆံအကုန်ခံဖို့တော့ စဉ်းစားမထားဘူး။

## အခွင့်ကောင်း

လူနှစ်ယောက် ကော်ဖီဆိုင်တစ်ဆိုင်တွင် အတူထိုင်နေစဉ် မြို့၏မီးအချက်ပေး ခေါင်းလောင်းသံများ မြည်လာသည်။ ပထမလူက ထိုင်နေရာမှ ခုန်ထွက်ပြီး ဆိုင်ပြင်သို့ ပြေးထွက်သွားသောအခါ ဒုတိယလူက လှမ်းအော်မေးလိုက်သည်။

"တွမ် မင်းဟာ မီးသတ်သမားတစ်ယောက်ဆိုတာ ငါမသိရပါလား"

"ငါက မီးသတ်သမား မဟုတ်ဘူးကွ။ ငါ့အလုပ်ရှင် အမျိုးသမီးရဲ့ ယောကျ်ားက မီးသတ်သမား"

## တကယ့်ရှေ့နေ

ဒီကနေ့ ကျွန်မအိမ်တွင် မှန်တစ်ချပ် ကျကွဲသွားသည်။ ထို့ကြောင့် ၇ နှစ်တာကာလပတ်လုံး ကံဆိုးခြင်းကို ကျွန်မကြုံဆုံခံစားရပေတော့မည်ဟု ယူဆလိုက်သည်။ သို့သော် ကျွန်မ၏ ရှေ့နေက ၅ နှစ်နှင့် ရအောင် သူညှိနှိုင်းပေးပါမည်ဟု ဆိုပါသည်။

## ကိုယ့်အကြောင်း ကိုယ်သာသိ

ခက်ခဲသော စီးပွားရေးအမှုကိစ္စတစ်ခုအတွက် ရှေ့နေတစ်ယောက်သည် ဂျူရီလူကြီးများထံ လျှောက်လဲချက်ပေးနေရသည်။ ဂျူရီများ ဆုံးဖြတ်ချက်ကျသောအခါ သူ၏အမှုသည်မှာ အခြားနေရာသို့ ရောက်နေသည်။ ရှေ့နေက သူ၏အမှုသည်ထံသို့ ချက်ချင်းကြေးနန်းရိုက်လိုက်သည်။ ကြေးနန်းတွင် ပါသည်မှာ.....

"တရားတဲ့သူက နိုင်ပြီ" ဟူ၍ ဖြစ်သည်။

အမှုသည်ထံမှ ကြေးနန်း ချက်ချင်း ပြန်လာသည်။

"အယူခံ ချက်ချင်းဝင်"

## သူ့စေတနာ

ဂျွန်နှင့်မီလာနီတို့ တစ်ဦးကိုတစ်ဦး အချစ်စမ်းနေကြသည်။ မီလာနီက မေးလိုက်သည်။

"ဂျွန် ကျွန်မသေတဲ့အခါ ကျွန်မမြေပုံပေါ်ကို စကော့ဝီစကီ တစ်ပုလင်းလောက် လောင်းချပေးပါနော်"

ဂျွန်က ပြန်ဖြေသည်။

"ကိုယ် ဝမ်းမြောက်ဝမ်းသာနဲ့ လုပ်ပေးပါ့မယ်ကွာ။ ဒါပေမဲ့ ဝီစကီကို ကိုယ့်ရဲ့ကျောက်ကပ်ကတစ်ဆင့် ဖြတ်ပြီးမှ မင်းမြေပုံပေါ် သွန်ချလည်း စိတ်မဆိုးဘူး မဟုတ်လား"

## စောင့်နေရတာ ကြာပြီ

အမျိုးသမီးကြီးတစ်ယောက်က သူမ၏အိမ်တွင် မွေးမြူရန်အတွက် ကြက်တူရွေးတစ်ကောင်ကို ဝယ်လိုက်သည်။ ကြက်တူရွေးမှာ ထွေထွေရာရာ မပြောတတ်သော်လည်း "ကျွန်မနာမည် မေရီပါ။ ကျွန်မက ပြည့်တန်ဆာမပါ" ဟူသော စကားကိုတော့ ပြောတတ်လေသည်။ သူမက ကြက်တူရွေးအား ပို၍ယဉ်ကျေးပြီး နားဝင်ချိုသာနိုင်မည့် စကားအချို့သင်ကြားပေးသော်လည်း မအောင်မြင်ခဲ့ပေ။ "ကျွန်မနာမည် မေရီပါ။ ကျွန်မက ပြည့်တန်ဆာမပါ" ဟူသည့် စကားကိုသာ ထပ်ခါတလဲလဲကြားနေရသည်။ လူရှေ့သူရှေ့တွင် အရှက်တကွဲဖြစ်ရသည်မှာလည်း အကြိမ်မနည်းတော့ပေ။

တစ်ရက်တွင် သူမကိုးကွယ်သော ဘုန်းတော်ကြီးက အိမ်သို့ကြွလာသည်။ ကြက်တူရွေးကလည်း သူပြောနေကျ စကားကိုသာ ပြောလိုက်သည်။ အမျိုးသမီးမှာ ဘုန်းတော်

ကြီးကို တောင်းပန်စကားဆိုပြီး အဖြစ်အပျက်ကို ရှင်းပြသည်။ ဘုန်းတော်ကြီးက သူ့တွင်မွေးထားသော ကြက်တူရွေးနှစ်ကောင်ရှိကြောင်း၊ ၎င်းတို့မှာ သူတို့၏နှုတ်သီးကြားတွင် စိပ်ပုတီးကိုက်စေပြီး သူတော်စင်မ မေရီကို ချီးမွမ်းသော စကားများကိုသာ အမြဲပြောစေရန် သင်ကြားထားကြောင်း၊ ထို့ကြောင့် အမျိုးသမီး၏ ကြက်တူရွေးကို သူ၏ကြက်တူရွေးများနှင့်အတူ ထားကြည့်ပါက ယခုထက်ပို၍ ယဉ်ကျေးပျူငှာအောင် ပြောဆိုနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားကာ အမျိုးသမီးကြီး၏ကြက်တူရွေးကို သူ၏အိမ်သို့ခေါ်လာခဲ့သည်။

အိမ်သို့ရောက်သောအခါ ခေါ်လာသော ကြက်တူရွေးကို သူ၏ကြက်တူရွေးများနှင့်အတူ လှောင်အိမ်ထဲသို့ ရောထည့်ထားလိုက်သည်။ အမျိုးသမီး၏ ကြက်တူရွေးက ထုံးစံအတိုင်း "ကျွန်မနာမည် မေရီပါ။ ကျွန်မက ပြည့်တန်ဆာမပါ" ဟု ပြောလိုက်သည်။ ဘုန်းတော်ကြီး၏ ကြက်တူရွေးနှစ်ကောင်အနက် တစ်ကောင်က စကားစပြောလိုက်သည်။

"ဟန်ကျတာပဲ။ စိပ်ပုတီးတွေကို လွှင့်ပစ်လိုက်တော့။ တို့ဆုတောင်းပြည့်ပြီကွ"

## ကိုလှဆိုး

ဒွေ(ဖ်)နှင့် သူငယ်ချင်းများသည် ခရီးထွက်ပြီး ငါးမျှားကြမည့် အစီအစဉ်တစ်ခုအတွက် တိုင်ပင်နေကြသည်။ သို့သော် ဤတစ်ကြိမ်တွင် ဒွေ(ဖ်)က စိတ်မကောင်းစွာနှင့် ဖနီးသည်ခွင့်ပြုချက်မရသောကြောင့် သူလိုက်ပါနိုင်မည်မဟုတ်ကြောင်း အားလုံးကိုပြောလိုက်သည်။ သူငယ်ချင်းများ၏ နောက်ပြောင်ကျီစယ်မှုကို ခံယူပြီးနောက် ဒွေ(ဖ်)သည် အိမ်သို့စိတ်ပျက်လက်ပျက် ပြန်လာခဲ့သည်။

တစ်ပတ်ခန့်အကြာတွင် ဒွေ(ဖ်)၏ သူငယ်ချင်းများသည် ၎င်းတို့ စခန်းချမည့် ရေကန်သို့ရောက်ရှိလာကြသောအခါ ဒွေ(ဖ်)ကို တစ်ယောက်တည်း အရင်တွေ့လိုက်ရသဖြင့် အံ့အားသင့်ခြင်း ကြီးစွာဖြစ်သွားကြသည် တဲစ်ဖြောက်ဖြောက်လောင်ကျွမ်းနေသော ထင်းမီးဖိုနံဘေးတွင် ဘီယာအေးတစ်ဘူးကို ဖိမ်ခံ သောက်ပြီး ငါးမျှားတံကိုကိုင်၍ ငါးမျှားနေသော ဒွေ(ဖ်)ကို တွေ့ကြ

ရလေသည်။

"မင်းအိမ်ရှင်မကို ဘယ်လိုခွင့်တောင်းလိုက်တာလဲ ဒွေ(ဖ်)" ဟု သူတို့က မေးကြသည်။

"ငါ ခွင့်မတောင်းပါဘူး။ မနေ့က ငါအလုပ်ကနေ အိမ်ပြန်ရောက်တော့ ငါးမျှားထွက်မှာကို မလိုက်ရတဲ့အတွက် စိတ်ပြေလက်ပျောက်ဖြစ်အောင် ဘီယာထိုင်သောက်နေခဲ့တယ်။ အဲဒီအချိန်မှာ အိမ်က အဘွားကြီးက ငါ့နောက်ကနေ မျက်လုံးကို လက်နဲ့ ဖုံးပြီး 'Surprise' လို့ပြောလိုက်တယ်။ ငါလည်း သူ့လက်တွေကို ဆွဲဖယ်ပြီး လှည့်ကြည့်လိုက်တော့ လားလား ငေါ်မက တစ်ကိုယ်လုံးဖောက်ထွင်းမြင်ရမတတ် ဝတ်စုံလေးကို ဝတ်ထားတာကိုး။ ပြီးတော့လည်း ပြောလိုက်သေးတယ်။ ကျွန်မကို အိပ်ရာထဲ အရောက် ချီသွားပါ။ အိပ်ရာမှာ ကျွန်မကို ကြိုးနဲ့ ချည်ပြီး ရှင်ကြိုက်သလိုသာ လုပ်ပါတော့တဲ့။ အဲဒီလိုနဲ့ . . ."

"အဲဒီလိုနဲ့ ဘာဆက်ဖြစ်ကြသလဲ" သူငယ်ချင်းများက စိတ်အားထက်သန်စွာ ဝိုင်းမေးကြသည်။

"အဲဒီလိုနဲ့ ငါလည်းဒီကို ရောက်လာတာပေါ့ကွ"

## သစ်ရွက်ကြွေချိန်

ပန်းချီပြခန်းတစ်ခုတွင် ဇနီးမောင်နှံနှစ်ယောက် ပန်းချီကားများကို ကြည့်ရှုနေကြသည်။ တစ်နေရာတွင် ချောမောလှပသော မိန်းမပျိုတစ်ယောက်သည် သူမ၏ အရှက်လုံရန်နေရာများကို သစ်ရွက်ကလေးများဖြင့်သာ ဖုံးကွယ်ထားသော ပန်းချီပုံတစ်ပုံကိုတွေ့ကြရသည်။ အမျိုးသမီးက ၎င်းပုံကို သဘောမကျလှဘဲ ရှေ့ဆက်သွားသည်။ ယောကျ်ားဖြစ်သူက ၎င်းပုံကို စူးစူးစိုက်စိုက်ဆက်ကြည့်ကျန်ခဲ့သည်။

မိန်းမ ။ ။ "ရှင်ဘာကို စောင့်နေတာလဲ"

ယောကျ်ား ။ ။ "နွေဦးရာသီကိုလေ"